မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၁၁ ရက်၊ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီ ၆ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၈)၊ အမှတ်(၉၈)

မာတာပိတု ဥပဋ္ဌာနံ တော် မင်္ဂလ မုတ္တမံ

မိဘကို လုပ်ကျွေးပြုစုခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြု

နေပြည်တော်ရေပန်းဥယျာဉ်အတွင်းရှိ ရေတံခွန်၊ ကြိုးတံတားနှင့် နေပြည်တော်ပျဉ်းမနား ပိုလ်တောက်ထိန်လမ်း ကတ္တရာလမ်းသစ်ဖွင့်

နေပြည်တော် ဇန်နဝါရီ ၅

၂၀၀၉ ခုနှစ် (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီက တည်ဆောက်ပြီးစီးသွားသော နေပြည်တော် ရေပန်းဥယျာဉ်အတွင်းရှိ ရေတံခွန်၊ ကြိုးတံတားနှင့် နေပြည်တော်ပျဉ်းမနား ဗိုလ်တောက်ထိန်လမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားများကို ယမန်နေ့နံနက်ပိုင်းတွင် ကျင်းပသည်။

တက်ရောက်

အဆိုပါ အခမ်းအနားများသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ *စာမျက်နှာ ၃ ကော်လံ ၁* ●

ကြိုးတံတားကို ဖဲကြိုးဖြတ် ဖွင့်လှစ်

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး မြို့တော်ဝန် ဗိုလ်မှူးကြီး သိန်းညွန့်နှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့ နေပြည်တော်ရေပန်းဥယျာဉ်အတွင်းရှိ ကြိုးတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (နယ်စပ်စည်ပင်)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဒေသထွက်ကုန် လုပ်ငန်းများနှင့် စပါး၊ ငါးပေါများသည့် ရခိုင်ပြည်နယ်က ပင်လယ်ကမ်းစပ်မြို့ သံတွဲ

➤ သတင်းဆောင်းပါး - သတင်းထောက် စဥ္စကူစိုးဝင်း ➤ ဓာတ်ပုံမှတ်တမ်း - တင်စိုး(မြန်မာ့အလင်း)
➤ စာမျက်နှာဖွဲ့စည်းမှု - သန်းဇော်(မြန်မာ့အလင်း)

သံတွဲ ဇန်နဝါရီ ၅

မြန်မာ့အလင်းသတင်းအဖွဲ့ ခရီးပန်းနေသော်လည်း သံတွဲမြို့ မြို့ဝင်စံပြကွက် မိုးစပါးဇေ ၂၀၀ ရိတ်သိမ်းခြွေလှေ့ပွဲ အခမ်းအနားတက်ရောက်ရန် နံနက် ၆ နာရီတွင် အိပ်ရာမှထကာ အဆင်သင့်လုပ်နေကြရပါသည်။ *စာမျက်နှာ ၈ ကော်လံ ၁* *

တောင်ကုတ်မြို့နှင့် သံတွဲမြို့အကြား ဆက်သွယ်ပေးထားသည့် အရှည်ပေ ၅၄၀ ရှိ ဒွါရာဝတီတံတားကို ဤသို့ တွေ့ခဲ့ရသည်။ (မြန်မာ့အလင်း)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဇန်နဝါရီ ၆ ရက်)

နိုင်ငံတော်၏အနာဂတ်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက် မျိုးဆက်သစ်လူငယ်များ ပညာရည်ဘက်စုံပြည့်ဝရန် ကြိုးပမ်း

ပညာရေးဝန်ကြီးဌာန ၂၀၀၈-၂၀၀၉ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ထူးချွန်ဆုများ ချီးမြှင့်ပွဲအခမ်းအနားကို နေပြည်တော် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ဇန်နဝါရီ ၃ရက်ကကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး တက်ရောက်ခဲ့သည်။

နိုင်ငံတော်အစိုးရသည် ပညာရေးကဏ္ဍတွင် နိုင်ငံတကာနှင့်ယှဉ်၍ ဖွံ့ဖြိုးတိုးတက်ရန် နှစ် ၃၀ နှစ်ရှည်စီမံကိန်းချမှတ်၍ အကောင်အထည်ဖော်လျက်ရှိသည်။

နိုင်ငံတကာတိုးတက်ပြောင်းလဲမှုများအရ ကြုံတွေ့ရမည့် စိန်ခေါ်မှုအမျိုးမျိုးကို အမျိုးသားရေးအသိအမြင် နိုးကြားထက်သန်စွာ ရင်ဆိုင်နိုင်စွမ်းရှိမည့် လူ့စွမ်းအားအရင်းအမြစ်များအား အခြေခံပညာနှင့် အဆင့်မြင့်ပညာကဏ္ဍအလိုက် စီမံကိန်းလုပ်ငန်းစဉ်များချမှတ်ပြီး လေ့ကျင့်မွေးထုတ်ပေးလျက်ရှိသည်။

ပညာသင်နှစ်အလိုက် ဘက်စုံပညာရေးလုပ်ငန်းများတွင် ထူးချွန်စွာစွမ်းဆောင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား နှစ်စဉ်ကျင်းပသော ပညာရေးစုံညီပွဲတော်များ၌ ထူးချွန်ဆုများ ချီးမြှင့်ဂုဏ်ပြုလျက်ရှိပေသည်။

ယနေ့ကာလတွင် စီးပွားရေး၊ လူမှုရေးနှင့် ပညာရေးနယ်ပယ်အလိုက် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ သတင်းအချက်အလက်နှင့် ဆက်သွယ်မှုနည်းပညာများကို မဖြစ်မနေ ရယူအသုံးပြုရန် လိုအပ်လာသည့် အီလက်ထရွန်နစ် သတင်းအချက်အလက် လွှင့်ထုတ်မှုစနစ်ကိုထူထောင်ပြီး တက္ကသိုလ်ကောလိပ်နှင့် အထက်တန်းကျောင်း ၇၄၁ကျောင်း၌ e-Education Learning Centre များ စီစဉ်ဆောင်ရွက်ခဲ့ပေသည်။

ယနေ့ နိုင်ငံတကာအခြေအနေကိုကြည့်လျှင် သိပ္ပံနှင့်နည်းပညာများ၊ သတင်းအချက်အလက်နှင့် ဆက်သွယ်မှုနည်းပညာများ လျင်မြန်စွာတိုးတက်လာမှုကြောင့် ကမ္ဘာ့နိုင်ငံများ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး စသည့် ကဏ္ဍအသီးသီး အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲလျက်ရှိသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံကြီးများသည် အသိဉာဏ်အခြေပြု စီးပွားရေးပုံစံကို ကူးပြောင်းနေပြီး ကမ္ဘာ့နိုင်ငံအသီးသီးအနေဖြင့်လည်း လူမှုရေးဆိုင်ရာ စိန်ခေါ်မှုအသစ်များအား ရင်ဆိုင်နိုင်ရေးအတွက် ပညာရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။

သို့ဖြစ်ပေရာ အနာဂတ်နိုင်ငံတော်ကို တည်ဆောက်ရာတွင် ကျန်းမာကြံ့ခိုင်ပြီး ပညာရည်မြင့်မားသည့် နိုင်ငံသားများက အမျိုးသားရေးမျက်နှာစာအသီးသီးမှ နိုင်ငံတော်၏အနာဂတ်ကို ကာကွယ်ထိန်းသိမ်း စောင့်ရှောက်သွားနိုင်မည်ဖြစ်ပြီး မျိုးဆက်သစ်လူငယ်များအနေဖြင့် ဘက်စုံပညာပြည့်ဝသော နိုင်ငံ့သားကောင်းများဖြစ်လာစေရန် အားသွန်ခွန်စိုက်ကြိုးပမ်းသွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- * ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- * ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဂုဏ်ပြုလှူဒါန်းပေးအပ်

အရှေ့ရန်ကင်းမြို့နယ် တိုက် ၂၁၁ အခန်း(၉)နေ ဦးသောင်း၊ သား မောင်သုနိုင် မိသားစုက ဒေါ်ခင်သန်းဝင်း (၂)နှစ်ပြည့်အားရည်စူး၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်းအတွင်းလှူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ ဖောင်ဒေးရှင်းနာယကဗိုလ်မှူးချုပ်အေးဘယ်လ်(ငြိမ်း)က ဂုဏ်ပြုလွှာပြန်လည်ပေးအပ်စဉ်။

(မြန်မာ့အလင်း)

ဗဟန်းမြို့နယ် အလက(၃)၌ ဟောပြောပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၅

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အမှတ်(၃) အခြေခံပညာ အလယ်တန်းကျောင်းတို့ ပူးပေါင်းစီစဉ်၍ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့်ဟောပြောပွဲကို ဇန်နဝါရီ ၁ ရက် မွန်းလွဲ ၁နာရီက အဆိုပါကျောင်းရှိ မြတ်ပန်းမဏ္ဍပ်ခန်းမ၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားကို မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဆင့်နှင့် အလက(၃) ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝေဝေလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဟောပြော

ဆက်လက်၍ မြို့နယ်ပညာရေးမှူး ဒေါ်မြင့်ကြည်က အဖွင့်အမှာစကားပြောကြားပြီး ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးဆင့်က လွတ်လပ်ရေးကိုထိန်းသိမ်းပါ ခေါင်းစဉ်ဖြင့် ဟောပြောသည်။ **(အောက်ပုံ)**

ကြည့်ရှု

ထို့နောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝေဝေလွင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ကျောင်းသား ကျောင်းသူလေးများက ပြသထားသည့် နံရံကပ်စာစောင်နှင့် ဓာတ်ပုံများကို စိတ်ဝင်စားစွာ ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြဝတီရုပ်မြင်သံကြား

၆-၁-၂၀၀၉ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ အမျိုးသားရေးတေးကဗျာ
၄:၁၅ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၄၀ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၅:၀၀ ၇။ မျိုးချစ်တပ်မတော်
၅:၂၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
၅:၃၀ ၉။ မြဝတီရုပ်မြင်သံကြား မင်္ဂလာဇင်းကဏ္ဍ
၅:၅၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၄။ လျှပ်တစ်ပြက်
၆:၃၅ ၁၅။ ကလေးတို့ကမ္ဘာ ပျော်ရွှင်စရာ
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သံယောဇဉ်နှောင်ကြိုး** (အပိုင်း-၄၀)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ မွေးမြူသုတ
၂၁။ ဗွီစီဒီကျော်ကြားတေးများ
၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ငါးကလေး** (အပိုင်း-၂၃)

တိုင်းရင်းသားလူငယ်များ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်နိုင်ရန် စက်မှုလက်မှုပညာသင်တန်းကျောင်း အမှတ်စဉ်(၅) ဖွင့်လှစ်

နေပြည်တော် ဇန်နဝါရီ ၅

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ပန်ဆန်းမြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း အမှတ်စဉ်(၅)ဖွင့်ပွဲကို ဒီဇင်ဘာ ၂၃ရက် နံနက် ၉နာရီက အဆိုပါသင်တန်းကျောင်းခန်းမ၌ကျင်းပရာ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနန်းအောင်က သင်တန်းဖွင့် အမှာစကားပြောကြားသည်။

ကျွမ်းကျင်လုပ်သား

ထို့နောက် ညွှန်ကြားရေးမှူးနှင့် ဧည့်သည်များသည် သင်တန်းအလုပ်ရုံခန်းမ၌ သင်တန်းသားများ လက်တွေ့လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးသည်။ **(အပေါ်ပုံ)** နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှု ပညာသင်တန်းကျောင်းကို နယ်စပ်ဒေသရှိ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှု ပညာရပ်များ တတ်မြောက်၍ အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်နိုင်ခြင်းဖြင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်လာစေရန်၊ နယ်စပ်ဒေသများတွင် မြို့ပြစီမံကိန်းများနှင့် စက်မှုလက်မှုလုပ်ငန်းများ ထူထောင်ရာတွင် ကျွမ်းကျင်လုပ်သားများ ပေါ်ထွက်လာစေရန် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ပေးခြင်းဖြစ်သည်။

ထောက်ပံ့ပေး

သင်တန်းအမှတ်စဉ်(၅)တွင် လျှပ်စစ်ဂဟေဆက်သင်တန်းသား ၁၅ဦး၊ အဆောက်အအုံသင်တန်းသား ၁၅ဦးနှင့် စက်ပြင်သင်တန်းသား ၁၅ဦး စုစုပေါင်း သင်တန်းသား ၄၅ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၆ ပတ် ဖြစ်ကာ သင်တန်းကာလအတွင်း သင်တန်းသားများ နေထိုင် စားသောက်ရေးနှင့် လက်တွေ့လုပ်ငန်းသုံးပစ္စည်းများအားလုံး နိုင်ငံတော်မှ ကျခံသုံးစွဲ ထောက်ပံ့ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● ရှေ့ဖုံးမှ

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး မြို့တော်ဝန်ဗိုလ်မှူးကြီးသိန်းညွန့်နှင့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများနှင့် ဧည့်သည်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မင်္ဂလာအချိန်နံနက်၈နာရီတွင် တိုင်းမှူးဗိုလ်ချုပ်ဝေလွင်၊ မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွန့်နှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်တို့က နေပြည်တော် ရေပန်းဥယျာဉ်အတွင်းရှိ ရေတံခွန်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်ဝေလွင်က ရေတံခွန်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူးနှင့်မြို့တော်ဝန်တို့က ရေတံခွန်ဆိုင်းဘုတ်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြကာ နေပြည်တော်ရေပန်းဥယျာဉ် ရေတံခွန်လိုဏ်ဂူအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ နေပြည်တော်ရေပန်းဥယျာဉ်အတွင်းရှိ ကြိုးတံတားဖွင့်ပွဲကို ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွန့်နှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့က ကြိုးတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က ကြိုးတံတားဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူးနှင့် မြို့တော်ဝန်တို့က ကြိုးတံတားဆိုင်းဘုတ်ကို အမွှေးနံ့သာရည် များဖြင့် ပက်ဖျန်းပေးကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက် တိုင်းမှူး၊ မြို့တော်ဝန်နှင့် ဧည့်သည်များသည် တံတားပေါ်သို့ ဖြတ်သန်း ကြည့်ရှုကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးများသည် နေပြည်တော်ပျဉ်းမနား ဗိုလ်တောက်ထိန် လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ မင်္ဂလာအချိန်တွင် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွန့်နှင့် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး တိုင်းမှူး၊ မြို့တော်ဝန်နှင့် ဧည့်သည် များသည် ကတ္တရာလမ်းသစ်ကို ဖြတ်သန်းကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၅

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကွမ်မုသည် ယနေ့မွန်းလွဲ၂နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ (အပေါ်ပုံ)

တက်ရောက်

ထိုသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ မြန်မာ့ရုပ်ရှင် လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်နှင့် ရုံးအဖွဲ့မှူး ဦးမြင့်ထွေးတို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

နေပြည်တော် ရေပန်းဥယျာဉ်

နေပြည်တော် ရေပန်းဥယျာဉ်အတွင်းရှိ ရေတံခွန်ကြီးကို တွေ့ရစဉ်။
(သတင်းစဉ်)

မြန်မာနယူးစ်ဝိခ်ဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၅

"ရေကြောင်းတက္ကသိုလ် ကျောင်းသားများအား ကြားခံစီးပွားရှာ၍ အမြတ်ထုတ်ပါက ထိရောက်စွာအရေးယူမည်" သတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ ၂၊ အမှတ်စဉ် ၅၉ ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်ပြီ ဖြစ်သည်။

ယနေ့ဖြန့်ချိလိုက်သည့် မြန်မာနယူးစ်ဝိခ်ဂျာနယ်တွင် မြန်မာနိုင်ငံ၏ ပထမဦးဆုံး မြို့ပြလေယာဉ်မှူးသင်တန်းဖွင့်မည်၊ ရုရှားဘာသာစကားပြော သုံးလသင်တန်း မြန်မာ့ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းမှ ပို့ချသင်ကြားပေးမည်၊ ဆန်ဈေးကွက်မှာ လက်ရှိအခြေ အနေမှ ၂၀၀၉ ဧပြီလအထိ တည်ငြိမ်ဖွယ်ရှိ၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် ဓာတ်မြေဩဇာ ပိုမိုတင်သွင်းရန်လိုအပ်၊ မြန်မာ့ဆန်တန်ချိန် ၁၅၀၀၀၀ ပြည်ပသို့ တင်ပို့မည်၊ နေပြည်တော် ပျဉ်းမနားတွင် ဘူတာသစ်ကြီးတစ်ခု တည်ဆောက်မည်၊ မြန်မာနိုင်ငံတွင် GSM မိုလ်ဘိုင်းဖုန်း လိုင်းကွန်ရက် အများအပြားဆက်သွယ်ပြီးစီး၊ နေပြည်တော်တွင် ရှော့ပင်းမောလ်တစ်ခုပေါ်လာတော့မည်၊ ရင်ချင်းကိုယ်ချင်းအမြွှာ ညီအစ်မ ဖိတ်နှင့်ဟုပ်တို့၏ ကံကြမ္မာ၊ ခါးကျိုးအောင်လုပ်ခဲ့ရသည့် စတီးဝဲလ် လမ်းမကြီး၊ ငါးရှဉ့်ပို့ကုန်မှ အမေရိကန်ဒေါ်လာ ၁၅သန်းရရှိ၊ ပါမောက္ခဒေါက်တာ ဦးမြင့်မောင်မောင်၏ သဘောမပေါက်၍ စိုးရိမ်မှုလွန်ကဲခြင်း၊ ဒေါက်တာဒေါ်ခင်လှလှ ၏ ဆေးလိပ်ငွေ့လား? သားသားကြောက်ကြောက်၊ မြန်မာနိုင်ငံတွင် ဂျပန်ရုပ်ရှင် ပွဲတော်ကျင်းပမည်၊ စင်ကာပူမှ နိုင်ငံခြားသားလုပ်သားများ လုပ်ခမရမှုနှင့် နေထိုင် ဆင်းရဲမှု မကျေနပ်ချက်များ၊ အစ္စရေးက ဟားမတ်စ်ကို လေကြောင်းမှဖုံးကြဲ၊ ပင်လယ်ထဲမှ စစ်သင်္ဘောက အမြောက်နဲ့ပစ်၊ နယ်စပ်ပိတ်ဆို့ထားသော်လည်း ဟားမတ်စ်တို့က ဒုံးကျည်ဖြင့် ပစ်ခတ်၊ ဟားမတ်စ်-အစ္စရေး တိုက်ပွဲပြင်းထန်နေဆဲ ထိခိုက်သူအရေ အတွက်များလာ၊ ဂါဇာသို့ လက်နက်များတင်ပို့ရန် ရပ်ဖ်ဆန်ဂျာနီ ပြောကြားစသည့် နောက်ဆုံးရ ပြည်တွင်းပြည်ပသတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိ လိုက်ပြီဖြစ်သည်။

ထုတ်ဝေဖြန့်ချိ

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ် အင်္ဂါနေ့တိုင်း ထုတ်ဝေဖြန့်ချိလျက် ရှိသည်။ **(သတင်းစဉ်)**

အထက(၃) မုံရွာ မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၅

မုံရွာမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား ကျောင်းသူ ဟောင်းများ၏ နဝမအကြိမ်မြောက် သက်ပြည့်အငြိမ်းစားဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲနှင့် ကြည်နူးဖွယ်တွေ့ဆုံပွဲ အခမ်းအနားကို ဇန်နဝါရီ ၃၁ရက် (စနေနေ့) နံနက် ၁၀နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

လှူဒါန်းနိုင်

အဆိုပါအာစရိယပူဇော်ပွဲနှင့် ကြည်နူးဖွယ် တွေ့ဆုံပွဲအခမ်းအနားသို့ ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများနှင့် ရပ်ဝေးရပ်နီးမှ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းလိုပါက ကျောင်းအုပ်ကြီး (အထက-၃၊ မုံရွာ) ဖုန်း-၀၇၁-၂၁၁၇၆၊ ကိုဆန်းဝင်းမိုး (K.S.M မိတ္တူ) ဖုန်း- ၀၇၁-၂၉၂၂၁၊ ၀၉-၂၄-၅၀၈၄၆၊ ဦးနေဝင်း (ဇောတိကဆေးလိပ်) ဖုန်း-၀၇၁-၂၁၅၂၅၊ ဒေါ်ခင်ချိုထွေး ဖုန်း-၀၉-၂၁-၃၃၁၄၈၊ ဒေါ်မော်သန္တာခိုင် ဖုန်း-၀၇၁-၂၂၃၃၆၊ ဦးမောင်မောင် (ရွှေအုန်းသီး) ဖုန်း-၀၇၁- ၂၁၄၅၆နှင့် ဒေါ်သီဂီ ဖုန်း-၀၇၁-၂၃၉၃၃၊ ၀၉-၂၁-၃၂၀၉၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နှင်းဆီကုန်းဘိုးဘွားရိပ်သာ အခြေခံသူနာပြုနှင့် သက်ကြီးရွယ်အို စောင့်ရှောက်မှုသင်တန်းဖွင့်

ရန်ကုန် ဇန်နဝါရီ ၅

ဗဟန်းမြို့နယ် နှင်းဆီကုန်းဘိုးဘွား ရိပ်သာ အမှတ်စဉ်(၁) အခြေခံသူနာပြုနှင့် သက်ကြီးရွယ်အိုပြုစုစောင့်ရှောက်မှုသင်တန်း ဆင်းပွဲနှင့် အမှတ်စဉ်(၂)သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ၁ရက် နံနက်၉နာရီ က နှင်းဆီကုန်းဘိုးဘွားရိပ်သာ အလှူတော် မင်္ဂလာခန်းမ၌ကျင်းပရာနှင်းဆီကုန်းဘိုးဘွား ရိပ်သာ စောင့်ရှောက်ရေးအဖွဲ့ အမှုဆောင် ကော်မတီဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ အမှတ်စဉ်(၁) သင်တန်းဆင်း ကျောင်းသူ ကျောင်းသားများ၊ အမှတ်(၂) သင်တန်းသူ အသစ်များ၊ အုပ်ထိန်းသူမိဘများနှင့် ဖိတ် ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်း

အခမ်းအနားတွင် နှင်းဆီကုန်း ဘိုးဘွား ရိပ်သာ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း)က သင်တန်းဖွင့် အမှာစကားပြောကြားပြီး သင်တန်းဖွင့်လှစ် သင်ကြားခြင်းနှင့်စပ်လျဉ်း၍ နှင်းဆီကုန်း ဘိုးဘွားရိပ်သာ ကျန်းမာရေးစောင့်ရှောက်မှု ကော်မတီဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဒေါ်မေဝင်းအောင်ခင်က ရှင်းလင်းပြော ကြားသည်။

စုံစမ်းမေးမြန်းနိုင်

ဆက်လက်၍ အမှတ်စဉ်(၁) အခြေခံ သူနာပြုနှင့် သက်ကြီးရွယ်အို ပြုစုစောင့် ရှောက်မှုသင်တန်းဆင်းပွဲ အောင်လက်မှတ် များကို အမှုဆောင်အဖွဲ့ဝင်များက ပေးအပ် ချီးမြှင့်သည်။ **(ယာပုံ)** အမှတ်စဉ်(၂) သင်တန်းကို ဇန်နဝါရီ၁ရက်မှ ဇွန် ၃၀ရက် အထိ စာတွေ့လက်တွေ့၊ အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် သင်ကြားပို့ချပေးမည်ဖြစ် ရာ စိတ်ပါဝင်စားသူများအနေဖြင့် သင့်တင့် သော သင်တန်းကြေးပေးသွင်းပြီး နေထိုင် ရေး၊ စားသောက်ရေးကိုပါ လိုအပ်သလို စီစဉ်ပေးမည်ဖြစ်သည်။ အချိန်မီ စာရင်း ပေးသွင်းရန် ကျန်သူများ နှစ်ပတ်အတွင်း လာရောက်ကြရန်နှင့် အသေးစိတ်သိလိုပါက ဘိုးဘွားဆေးရုံအုပ် ဖုန်း-၅၄၆၁၉၆သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ကြောင်း သိရ သည်။

(ဘိုးဘွားရိပ်သာ)

မီးဘေးရှောင် မလောင်ခင်တား

မြို့တော်ဘဂ္ဂဒက်၌ ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွား လူ ၄၀ သေဆုံး၊ ၇၂ ဦးဒဏ်ရာရရှိ

ဘဂ္ဂဒက် ဇန်နဝါရီ ၅

အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်၌ ဇန်နဝါရီ ၄ရက်က အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် လူ ၄၀ခန့်သေဆုံးပြီး ၇၂ဦး ဒဏ်ရာရရှိခဲ့ကြောင်း အီရတ်ရဲတပ်ဖွဲ့က ပြောကြားသည်။

ဗုံးခွဲတိုက်ခိုက်

ယခုဗုံးခွဲတိုက်ခိုက်သူမှာ အမျိုးသမီးတစ်ဦးဖြစ်ပြီး အနက်ရောင်ဝတ်စုံကို ဝတ်ဆင်၍ လူအုပ်အတွင်းဝင်ရောက်ကာ အသေခံဗုံးခွဲတိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။

ပူးပေါင်းဆောင်ရွက်

ယခုကဲ့သို့ ဗုံးခွဲတိုက်ခိုက်မှုကြောင့် ဘဂ္ဂဒက်မြို့တောင်ပိုင်း၌ အီရတ်ရဲတပ်ဖွဲ့ ရာနှင့်ချီကာ လုံခြုံရေးစောင့်ကြပ်ရန် ဖြန့်ချထားသည်။ အီရတ်နိုင်ငံတစ်ဝန်း မြို့ကြီးများတွင် ဗုံးခွဲတိုက်ခိုက်မှုများ ပြုလုပ်လာလျက်ရှိရာ အမေရိကန်တို့နှင့် ပူးပေါင်းဆောင်ရွက်နေသူများကို ဗုံးခွဲတိုက်ခိုက်မှုများ ဆက်တိုက်ပြုလုပ်လျက်ရှိသည်။ (အင်တာနက်)

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ အမျိုးသမီးတစ်ဦးက အသေခံဗုံးခွဲ တိုက်ခိုက်မှု ပြုလုပ်ခဲ့ပြီးနောက် ဒဏ်ရာရသူ လူငယ်တစ်ဦး ဆေးရုံသို့ တက်ရောက်ကာ ဆေးကုသမှုခံယူနေရသည်ကို ဇန်နဝါရီ ၅ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

လော့စ်အိန်ဂျလိစ်မြို့မှ အမျိုးသမီးကြီးဘေနပ်စ် ကမ္ဘာ့အသက်အကြီးဆုံး အမျိုးသမီးဖြစ်လာ

အသက် ၁၁၄ နှစ်ရှိ ကမ္ဘာ့အသက်အကြီးဆုံး အမျိုးသမီး ဘေနပ်စ်။ (အင်တာနက်ဓာတ်ပုံ)

လော့စ်အိန်ဂျလိစ် ဇန်နဝါရီ ၅

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့မှ အသက် ၁၁၄နှစ်အရွယ် အမျိုးသမီးကြီးဂါထရူဒီဘေနပ်စ်သည် ကမ္ဘာပေါ်တွင် အသက်အကြီးဆုံး အမျိုးသမီးကြီး ဖြစ်လာကြောင်း ဇန်နဝါရီ ၄ရက်က ထုတ်ပြန်သော ကမ္ဘာ့မှတ်တမ်း၌ ဖော်ပြသည်။

ယခင်က ကမ္ဘာ့အသက်အကြီးဆုံး အမျိုးသမီးကြီးအဖြစ် ပေါ်တူဂီနိုင်ငံမှ အသက် ၁၁၅နှစ်အရွယ် မာရီရာဒီဂျီဆူမှာ ဇန်နဝါရီ ၂ရက်က ကွယ်လွန်သွားခဲ့၍ လော့စ်အိန်ဂျလိစ်မြို့မှ ဂါထရူဒီဘေနပ်စ်မှာ ကမ္ဘာ့အသက်အကြီးဆုံး အမျိုးသမီးကြီး ဖြစ်လာခြင်းဖြစ်သည်။ (အင်တာနက်)

ဂါဇာ၌ ဟားမတ်စ်လက်နက်ကိုင်များ ပစ်ခတ်တိုက်ခိုက်မှု အစ္စရေးတပ်ဖွဲ့ဝင်နှစ်ဦးသေဆုံး၊ လူ ၂၀ ဒဏ်ရာရရှိ

ဂါဇာ ဇန်နဝါရီ ၅

အစ္စရေးတပ်ဖွဲ့ဝင်များက ဂါဇာကမ်းမြောင်ဒေသအတွင်းသို့ မြေပြင်မှ ထိုးစစ်ဆင် တိုက်ခိုက်လျက်ရှိရာ ပါလက်စတိုင်း လက်နက်ကိုင်များ၏ တုံ့ပြန်တိုက်ခိုက်မှုကြောင့် အစ္စရေးတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့ကြောင်း အစ္စရေးစစ်ဘက်က ဇန်နဝါရီ ၄ရက်၌ ပြောကြားသည်။

ထို့အတူ ပါလက်စတိုင်း လက်နက်ကိုင် ဟားမတ်စ်အုပ်စုက ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် အစ္စရေးတပ်ဖွဲ့ဝင် ၂၀ခန့် ဒဏ်ရာရရှိခဲ့ကြောင်းလည်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

ဖြစ်ပွားလျက်ရှိ

ဂါဇာကမ်းမြောင်ဒေသအတွင်း ဟားမတ်စ်လက်နက်ကိုင်များနှင့် အစ္စရေးတပ်ဖွဲ့ဝင်များ အပြန်အလှန် ပစ်ခတ်တိုက်ခိုက်မှုကြောင့် တိုက်ပွဲများ ဖြစ်ပွားလျက်ရှိကြောင်း ဂါဇာဒေသခံများက ပြောကြားသည်။

ဇန်နဝါရီ ၄ရက်အထိ ဂါဇာကမ်းမြောင်ဒေသမှ အစ္စရေးနိုင်ငံအတွင်းသို့ ဟားမတ်စ်တို့က ဒုံးကျည် ၃၂စင်းထက်မနည်း ပစ်ခတ်ခဲ့ရာ အစ္စရေးပြည်သူများ ဒဏ်ရာရရှိခဲ့ကြောင်း အစ္စရေးတို့က ပြောကြားသည်။ (အင်တာနက်)

ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်

ဟားမတ်စ်တို့က အစ္စရေးတောင်ပိုင်းသို့ ဇန်နဝါရီ ၄ရက်က ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် ဒဏ်ရာရရှိသွားသော အစ္စရေးတစ်ဦးအား ဆေးရုံ၌ တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ပါကစ္စတန် အနောက်မြောက်ပိုင်း နယ်ခြားဒေသ၌ ဗုံးနှစ်လုံးပေါက်ကွဲ

အစ္စလမ္မာဘတ် ဇန်နဝါရီ ၅

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းတွင် ဇန်နဝါရီ ၄ရက်က ဗုံးနှစ်လုံး ပေါက်ကွဲမှုဖြစ်ပွားရာ ခုနစ်ဦးသေဆုံးပြီး ၂၅ဦးဒဏ်ရာရရှိခဲ့ကြောင်း ပါကစ္စတန် အစိုးရက သတင်းထုတ်ပြန်သည်။

ဖြစ်ပွားခဲ့

ပထမဗုံးပေါက်ကွဲမှုမှာ ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း နယ်ခြားဒေသရှိ ဒီရာအစ် မေးလ်ခန်မြို့မှ အသက်မွေးဝမ်းကျောင်း ကောလိပ်တစ်ခုအနီး၌ ဖြစ်ပွားခဲ့သည်။

ထိခိုက်ဒဏ်ရာရ

ဒုတိယဗုံးပေါက်ကွဲမှုမှာ ပါကစ္စတန် ရဲတပ်ဖွဲ့ဝင်များ၏ မော်တော်ယာဉ်တစ်စီး အနီး အသေခံဗုံးခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ ဗုံးများပေါက်ကွဲခဲ့မှုကြောင့် အနည်းငယ်ထိခိုက်ဒဏ်ရာရရှိခဲ့သည်မှလွဲ၍ သေဆုံးမှုမရှိကြောင်း သိရသည်။

တိုက်ဖျက်

ပါကစ္စတန်သမ္မတ အဆစ်ဖ်အလီဇာဒါရီနှင့် ဝန်ကြီးချုပ် ယူဆွဖ်ရာဇာဂီလာနီတို့က အကြမ်းဖက် တိုက်ခိုက်မှုများကို တိုက်ဖျက်မည်ဟု ပြောကြားသည်။ (အင်တာနက်)

ဟားမတ်စ်တို့ အစ္စရေးတောင်ပိုင်းသို့ ဒုံးကျည်ဖြင့်ပစ်ခတ် အစ္စရေးအရပ်သားလေးဦးသေဆုံး၊ အချို့ဒဏ်ရာရရှိ

ဂါဇာ ဇန်နဝါရီ ၅

အစ္စရေးနိုင်ငံတောင်ပိုင်းသို့ ဟားမတ်စ်လက်နက်ကိုင်များက ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဇန်နဝါရီ ၄ ရက်က အစ္စရေးအရပ်သားလေးဦးသေဆုံးပြီး အချို့ဒဏ်ရာရရှိခဲ့သည်ဟု အစ္စရေးတို့က ပြောကြားသည်။

ပစ်ခတ်

ဟားမတ်စ်တိုက်ခိုက်ရေးသမားများက ဒုံးကျည်များဖြင့် အစ္စရေးနိုင်ငံ တောင်ပိုင်းကို ဆက်လက်တိုက်ခိုက်လျက်ရှိသကဲ့သို့ ဂါဇာကမ်းမြောင်ဒေသအတွင်းသို့ ဝင်ရောက်လာသော အစ္စရေးမြေပြင်တပ်ဖွဲ့ဝင်များကို ပစ်ခတ်တိုက်ခိုက်လျက်ရှိသည်။

တုံ့ပြန်

မိမိတို့တွင် အစ္စရေးနိုင်ငံတောင်ပိုင်းသို့ ပစ်ခတ်တိုက်ခိုက်ရန် ဒုံးကျည်အလုံအလောက်ရှိကြောင်း၊ ဆက်လက်ပစ်ခတ် တိုက်ခိုက်သွားမည်ဖြစ်ကြောင်း ဟားမတ်စ်တို့က တုံ့ပြန်ပြောကြားသည်။

သေဆုံး

အစ္စရေးတို့က ဂါဇာကမ်းမြောင်ဒေသသို့ ရှစ်ရက်မြောက် တိုက်ခိုက်သည့် အချိန်အထိ ပါလက်စတိုင်းအရပ်သား သေဆုံးမှုမှာ ၅၀၀ ကျော်ရှိပြီဖြစ်ကြောင်း ပါလက်စတိုင်း အရာရှိများက ပြောကြားသည်။ (အင်တာနက်)

ဟားမတ်စ်တို့၏ တိုက်ခိုက်မှုကို တုံ့ပြန်သည့်အနေဖြင့် အစ္စရေးတို့က လေကြောင်းမှ ပြန်လည်တိုက်ခိုက်မှုများ ပြုလုပ်ပြီးနောက် ဂါဇာကမ်းမြောင်ဒေသမှ အပျက်အစီးများကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အစ္စရေးတို့ ဂါဇာကမ်းမြောင်ဒေသအား လေကြောင်းမှတိုက်ခိုက် ပါလက်စတိုင်းအရပ်သား ၃၀ သေဆုံး၊ ၁၅၀ ဒဏ်ရာရရှိ

ဂါဇာ ဇန်နဝါရီ ၅

အစ္စရေးတပ်ဖွဲ့ဝင်များက ဂါဇာကမ်းမြောင်ဒေသသို့ ဇန်နဝါရီ ၅ ရက် နံနက်ပိုင်းက လေကြောင်းမှ တိုက်ခိုက်မှုများ ဆက်လက်ပြုလုပ်ရာ အရပ်ဘက်နေရာများသို့လည်း ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း ပါလက်စတိုင်းအရာရှိများက ပြောကြားသည်။

ပျက်စီးခဲ့ရ

ဂါဇာကမ်းမြောင်ဒေသရှိ ခမ်ယူနစ်မြို့နှင့် ရာဖက်မြို့များရှိ ဟားမတ်စ်လက်နက်ကိုင်များရှိရာ နေအိမ်အဆောက်အအုံများသို့ လေကြောင်းမှ ပစ်မှတ်ထားတိုက်ခိုက်သောကြောင့် နေအိမ်အဆောက်အအုံအချို့ ပျက်စီးခဲ့ရသည်။

ရွှေ့ပြောင်း

ရာဖက်နှင့်ခမ်ယူနစ်မြို့များရှိ ဒေသခံများ၏ နေအိမ်များကို ပစ်ခွာကာ ဘေးကင်းရာသို့ ရွှေ့ပြောင်းထွက်ပြေးရလျက်ရှိကြောင်း ဒေသခံများက ပြောကြားသည်။

ပြောကြား

ဇန်နဝါရီ ၄ရက်တစ်ရက်တည်း၌ပင် ဂါဇာကမ်းမြောင်ဒေသ၌ ပါလက်စတိုင်း အရပ်သား ၃၀ သေဆုံးပြီး ၁၅၀ခန့် ဒဏ်ရာရရှိခဲ့ကြောင်း ပါလက်စတိုင်းအရာရှိများက ပြောကြားသည်။ (အင်တာနက်)

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ
တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

6-1 (04).pmd 1 1/6/2009, 1:45 AM

ပထမအကြိမ် ဝန်ကြီးဌာနပေါင်းစုံ တံခွန်စိုက် ဘိုးလင်းအားကစားပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဘိလိယက်အားကစား ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၅

၂၀၀၉ ခုနှစ် (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် နေပြည်တော်၌ ပထမအကြိမ် ဝန်ကြီးဌာနပေါင်းစုံ တံခွန်စိုက်ဘိုးလင်းအားကစားပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဘိလိယက်အားကစား ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၄ရက် နံနက်ပိုင်းက နေပြည်တော် Sport Complex ရှိ ဘိုးလင်းအားကစားခန်းမ၌ ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး မြို့တော်ဝန်ဗိုလ်မှူးကြီးသိန်းညွန့်၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများ ကျင်းပရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးသောင်းထိုက်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘိုးလင်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသိန်းဇော်၊ ဝန်ကြီးဌာနအသီးသီးတို့မှ ပြိုင်ပွဲဝင် အားကစားသမားများ၊ ဧည့်သည်များနှင့် ဝန်ကြီးဌာန အသီးသီးတို့မှ ဝန်ထမ်းများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ပေးအပ်

ဘိုးလင်းအားကစားပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များအပြီးတွင် အမျိုးသား တစ်ဦးချင်းပြိုင်ပွဲ၌ ပထမဆုရဇော်လင်းထွန်း (နပတစည်ပင်)၊ ဒုတိယဆုရ သန်းဇော်ဦး (ဝန်ထမ်း/ရွေးချယ်)၊ တတိယဆုရကျော်လင်းထူး(နိုင်ငံခြားရေး)၊ အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲတွင် ပထမဆုရ အေးအေးမော် (နပတစည်ပင်)၊ ဒုတိယဆုရ မေယုခိုင် (သိပ္ပံ/နည်းပညာ)၊ တတိယဆုရ သရဖီလှိုင် (နယ်စပ်/စည်ပင်)၊ အမျိုးသား နှစ်ယောက်တွဲပြိုင်ပွဲ၌ ပထမဆုရဇော်မျိုးအောင်၊ မျိုးဇော်ထူးအတွဲ (နပတစည်ပင်)၊ ဒုတိယဆုရ လင်းကျော်စွာကြူ၊ ဇေယျာနိုင်အတွဲ (ဝန်ထမ်း/ရွေးချယ်)၊ တတိယဆုရ လမင်းစိုး၊ ထွန်းမျိုးဦး အတွဲ (သတ္တုတွင်း)၊ အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမဆုရ သရဖီလှိုင်၊ နှင်းရီမိုးအတွဲ (နယ်စပ်/စည်ပင်)၊ ဒုတိယဆုရ မေသူဇော်၊ အေးအေးမော် အတွဲ(နပတစည်ပင်)၊ တတိယဆုရ သူဇာဝင်းဟန်၊ လှနုစိန် အတွဲ (ဆောက်လုပ်ရေး)တို့က ရရှိကြပြီး အမျိုးသား အကောင်းဆုံး အားကစားသမားဆုကို သန်းဇော်ဦး(ဝန်ထမ်း/ရွေးချယ်) က လည်းကောင်း၊ အမျိုးသမီး အကောင်းဆုံး အားကစားသမားဆုကို အေးအေးမော် (နပတစည်ပင်)က လည်းကောင်း ရရှိကြသည်။

တံခွန်စိုက်ဆု

ထို့နောက် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ အမျိုးသားပထမ တံခွန်စိုက်ဒိုင်းဆု၊ အမျိုးသမီး ပထမ တံခွန်စိုက်ဒိုင်းဆု၊ စုပေါင်းတံခွန်စိုက် ဒိုင်းဆုကြီးနှင့် ဆင့်ပွားဒိုင်းဆုများကို နေပြည်တော်စည်ပင်အသင်းအား မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွန့် **(အပေါ်ပုံ)**ကလည်းကောင်း၊ အမျိုးသား တစ်ဦးချင်း ငွေသားဆု၊ အမျိုးသမီး တစ်ဦးချင်း ငွေသားဆု၊ အသင်းလိုက် ငွေသားဆု (အမျိုးသား၊ အမျိုးသမီး)တို့အား ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က လည်းကောင်း ပေးအပ်ခဲ့ ကြသည်။

ကြည့်ရှုအားပေး

အလားတူ ဘိလိယက်အားကစားပြိုင်ပွဲကို မြို့တော်ဝန်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြပြီး တစ်ဦးချင်း၌ ပထမဆုရ ဝင်းကိုကို(စက်မှု-၁)၊ ဒုတိယဆုရ ကျော်နိုင်ဦး(အား/ကာ)၊ တတိယဆုရ မြင့်ဆွေ(အား/ကာ)၊ နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမဆုရ ဝင်းကိုကို၊ ဝေဟင်မိုး (စက်မှု-၁)၊ ဒုတိယဆုရ ဇော်မျိုးထွန်း၊ အောင်အောင်ဦး(နယ်စပ်/စည်ပင်)၊ တတိယဆုရ သက်လွင်ဦး၊ ကျော်နိုင်ဦး (အား/ကာ) တို့အားဝန်ကြီးဗိုလ်မှူးချုပ် သူရအေးမြင့်က ဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စွမ်းအင်ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၅

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကွမ်မုသည် ယမန်နေ့ မွန်းလွဲပိုင်းက နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး စွမ်းအင်ကဏ္ဍနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးသည်။ **(အောက်ပုံ)**

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇန်နဝါရီ၄ရက်က (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သောသဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနိုင်ဝင်းက ဖတ်ကြားစဉ်။

(မြို့နယ် ပြန်/ဆက်)

မြန်မာသတင်းဂျာနယ်ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၅

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၆၄၉)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉လမ်းထောင့်) Central Tower ပထမထပ်ရှိ Swesone Media Group က တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုအပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ အမျိုးသမီးများ တက်ရောက်နိုင်သော မြန်မာ့ပထမဆုံး အရပ်သားလေယာဉ်မှူးသင်တန်းဖွင့်မည်၊ ဘွဲ့ကြိုကျောင်းသားများအား ကိုရီးယားပညာသင်ဆုချီးမြှင့်မည်၊ မီတာတပ်ဆင်ထားပြီး အသုံးမပြုသော တက္ကစီများကိုအရေးယူပြီ၊ Wi MAXကို မြန်မာနိုင်ငံရှိ မြို့ကြီးအားလုံးတွင် အသုံးပြုနိုင်ရန် ဆောင်ရွက်မည်၊ အာဆီယံသီချင်းပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုဆုကို တေးရေးဆရာ မြင့်မိုးအောင် ရရှိ၊ ပထမဦးဆုံးကျပ်သိန်း၁၀၀၀ထီဆုငွေကို စစ်ကိုင်းတိုင်း တန့်ဆည်မြို့မှ ဆွတ်ခူး၊ Prepaid ကတ်စနစ်သုံး Wi Fi ကိုမတ်လတွင် ရန်ကုန်နှင့် မန္တလေး၌ သုံးနိုင်တော့မည်၊ City FM ၏နှစ်ပတ်လည်အခမ်းအနား မြင်ကွင်းစုံ၊ လူတိုင်းအတွက် ၂၀၀၉ခုနှစ် ဟောစာတမ်း၊ စင်ကာပူမှ ကမ္ဘာ့အမြင့်ဆုံး ချားရဟတ်ကြီးစက်ချွတ်ယွင်း၍ ခြောက်နာရီကြာ ရပ်တန့်နေခဲ့ရာ ပိတ်မိနေသူများကို ကြိုးဖြင့်အောက်သို့ချပေးခဲ့ရ၊ နှစ်သစ်ကို ကမ္ဘာ့အရပ်ရပ်တွင် တခမ်းတနားကြိုဆိုခဲ့ကြ၊ အိန္ဒိယကလည်း ပါကစ္စတန်နယ်စပ်သို့ တပ်ဖွဲ့များစွာ ရွှေ့ပြောင်းထား၊ ၂၀၁၀ပြည့်နှစ်တွင် အမေရိကန်ပြည်ထောင်စု ပြိုကွဲမည်ဟုဆို၊ ထိုင်းနိုင်ငံရေးနောက်ဆုံးအခြေအနေ၊ အသားအရောင်မတူသည့်စုံတွဲက လူဖြူတစ်ဦးနှင့် လူမည်းတစ်ဦးပါဝင်သည့် အမြွှာကို ဒုတိယအကြိမ်မြောက် မွေးဖွား၊ ဗန်ကောက်မြို့ စားသောက်ဆိုင်ကြီး၌ လူ၆၀ကျော်သေဆုံးခဲ့ရသည့် နှစ်သစ်ကူးည မီးလောင်မှုတွင် ကိုယ်တွေ့ကြုံခဲ့ရသူများ၏ ပြောပြချက်များ၊ ဂရိရေနံတင် သင်္ဘောက ဆိုမာလီပင်လယ်ဓားပြများကို ဖိအားပြင်းထန်သည့် မီးသတ်ပိုက်များဖြင့်ခုခံခဲ့ကြ၊ သုတေသနပညာရှင်များက လူ၏ ဆံပင်အသုံးဝင်ပုံ အသစ်ကိုတွေ့ရှိ၊ အစ္စရေးက ဂါဇာကမ်းမြောင်ဒေသကို လေကြောင်းသာမက မြေပြင်မှလည်းထိုးစစ်ဆင် တိုက်ခိုက်၍ သေဆုံးသူ၅၀၀ကျော်ရှိ၊ အင်ဒိုနီးရှားမှ စစ်သွေးကြွအဖွဲ့က ဂါဇာဒေသသို့ တပ်သား၁၀၀၀ စစ်ကူလွှတ်မည်ဟုဆို၊ အသက်၇၀ အရွယ်တွင်မှ ပထမဆုံးကလေးကို မွေးဖွားခဲ့သည့် အမျိုးသမီးက ဒုတိယကလေးကိုလည်း မွေးဖွားဦးမည်ဟုဆို..စသည့်စိတ်ဝင်စားဖွယ် သတင်းများနှင့် ပါဝင်နေကြ ကဏ္ဍမျိုးစုံကို မေတ္တာလက်ဆောင်အချပ်ပို ရှစ်မျက်နှာနှင့်အတူ ထည့်သွင်းဖော်ပြထားကြောင်းနှင့် အပတ်စဉ်အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မီး အစဉ်သတိပြု

■ *ကျောဖုံးမှ*

ဆံပင်များကို ဖြောင့်ခြင်း၊ ဆန့်ခြင်းပြုလုပ်ရာတွင် ဦးခေါင်းအရေပြားရှိ ဆံပင်အိတ်များ ပျက်စီးပြီး ဆံပင်အိတ်များအတွင်းရှိ ဆံပင်များ ရှင်သန်စေသည့် အရည်ဂလင်းများ အပြင်သို့ ယိုစိမ့်ထွက်မှုကြောင့် ဆံပင်ကျွတ်ခြင်း၊ ထိပ်ပြောင်ခြင်းများနှင့် ဆံပင်ကွက်ခြင်းများ ဖြစ်ပေါ်စေသည်ဟုဆိုသည်။

ဆံပင်ဖြူ

ဆံပင်ဖြောင့်ခြင်း၊ ဆံပင်ကို သီတင်းတစ်ပတ်အတွင်း တစ်ကြိမ်မက ဆေးများအသုံးပြု၍ ခေါင်းလျှော်ခြင်းများ ပြုလုပ်ပါက ဆံပင်တွင်ရှိသော မူလအဆီဓာတ်များ ခန်းခြောက်ကာ အချိန်မတိုင်မီ ဆံပင်ဖြူခြင်းများ ဖြစ်ပေါ်စေကြောင်း သတိပေးထားသည်။

ဆု ချီးမြှင့်

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြု၍ လူမှုဝန်ထမ်း ဦးစီးဌာန ရင်သွေးအိမ် မူလတန်းကြိုကျောင်းမှ ရင်သွေး ငယ်များ ကာယစွမ်းရည်ပြိုင်ပွဲကို ဇန်နဝါရီ ၃ရက်က ကျင်းပရာ ဆုရ ရင်သွေး ငယ်များအား လူမှုဝန်ထမ်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ ဇနီး ဒေါ်သွဲ့သွဲ့ဝင်းက ဆုများပေးအပ်စဉ်။

(၁၂၃)

မိုးလေဝသ ခန့်မှန်းချက်

မြန်မာ့အလင်း

သန်းသန်းနု ကိုးကားတင်ပြသည်

ကချင်ပြည်နယ်၌ နေရာကွက်ကျား မိုးအနည်းငယ် ရွာဖွယ်ရာရှိ

ရန်ကုန် ဇန်နဝါရီ ၅

ဇန်နဝါရီ ၅ ရက်က ဖြစ်ပေါ်ခဲ့သော ရာသီဥတုအခြေအနေကို ဖော်ပြရပါက ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ဒေသများ၌ အများအားဖြင့် သာယာခဲ့သည်။

ညအပူချိန်များမှာ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် ဇန်နဝါရီလ၏ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့သည်။ ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့သည်။ ကျန်ဒေသများတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် (-၁) ဒီဂရီစင်တီဂရိတ်၊ လွိုင်လင်မြို့တွင် သုညဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့တွင် ၂ ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့တွင် ၃ ဒီဂရီစင်တီဂရိတ်နှင့် ဟဲဟိုးမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။

ဇန်နဝါရီ ၆ရက် **(ယနေ့)** ပြည်နယ်နှင့်တိုင်းများ၏ ရာသီဥတုအခြေအနေကို ခန့်မှန်းရပါက ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာဖွယ်ရာရှိပြီး ရွာရန်ရာနှုန်း ၄၀ဖြစ်သည်။ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာမည်ဖြစ်သည်။

ဇန်နဝါရီ ၆ ရက် **(ယနေ့)** ပြည်နယ်နှင့်တိုင်းများ၏ ရာသီဥတုအခြေအနေကို ခန့်မှန်းရပါက နေပြည်တော်နှင့် မန္တလေးမြို့အနီးတစ်ဝိုက် အများအားဖြင့်သာယာမည်ဖြစ်ပြီး ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်ဖြစ်သည်။

သာယာနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား- မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန၏ ထုတ်ပြန်ချက်

❒ ကျောဖုံးမှ

လမ်းတံတားအခြေအနေများ၊ ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ် လုပ်ငန်းလျာထားချက်များ၊ လမ်းပိုင်းအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုများနှင့် လုပ်ငန်းလိုအပ်ချက်များအား ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။

ဆက်လက်ပြီး သော်တာဝင်းဆောက်လုပ်ရေးကုမ္ပဏီ တာဝန်ခံအင်ဂျင်နီယာ ဦးဇော်မိုးက မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ် ပြည်ထောင်စုလမ်းမကြီးအား အဆင့်မြှင့်တိုးချဲ့တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မိုင်တိုင်အမှတ်(၅၃/၄) နမ့်ပန်တက်မှ (၁၁၆/၀) တောင်ကြီးမြို့အထိ လမ်းပိုင်းအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

၎င်းနောက် တောင်ကြီးခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူးကြီး ဦးအောင်မြင့်ဦးက တောင်ကြီးခရိုင်အတွင်းရှိ လမ်း၊ တံတားများအခြေအနေကို လည်းကောင်း၊ လွိုင်လင်ခရိုင်နှင့် လင်းခေးခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူးများက ခရိုင်အတွင်းရှိ လမ်းများ၊ တံတားများ အထူးပြင်ဆင်ခြင်းနှင့် ဖြည့်စွက်ခြင်းလုပ်ငန်း၊ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများအား လည်းကောင်း၊ လင်းခေး-မိုင်းပန်-တာဆန်းလမ်း စီမံကိန်းအင်ဂျင်နီယာမှူး ဦးစိုင်းသန်းကြွယ်၊ လမ်းဆောက်လုပ်ရေးအထူးအဖွဲ့(၁)မှ လက်ထောက်အင်ဂျင်နီယာ ဦးအေးကို၊ အထူးအဖွဲ့(၁၃)မှ အင်ဂျင်နီယာမှူး ဦးသိန်းဇော်တို့က လမ်းများပြုပြင်ထိန်းသိမ်းခြင်းနှင့် တိုးချဲ့ဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ တံတားတည်ဆောက်ရေးလုပ်ငန်း အထူးအဖွဲ့(၉)မှ အင်ဂျင်နီယာမှူး ဦးတင်ဦးက နေပြည်တော်ပျဉ်းမနား- ပင်လောင်းလမ်းပိုင်း လိန်းလီကြိုးတံတား ကမ်းကပ်ခုံ၊ ချဉ်းကပ်လမ်းနှင့် ကြိုးထိန်းခုံများ တည်ဆောက်ထားရှိမှုနှင့်ပင်မကြိုးတံတား ဆက်လက်တည်ဆောက်ရမည့် အခြေအနေများကိုလည်းကောင်း၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးညွန့်ဝင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) အတွင်းရှိ လမ်း၊ တံတားအခြေအနေများနှင့် ပတ်သက်၍ ပြုပြင်ဆောင်ရွက်ရမည့် အချက်များ၊ လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့ကောင်းမွန်ရေးနှင့် ပတ်သက်သည့် အချက်အလက်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထိထိရောက်ရောက်

ထို့နောက် တိုင်းမှူးက နိဂုံးချုပ် အမှာစကားပြောကြားပြီး လမ်း၊ တံတားများကောင်းမွန်ပြီး ကုန်စည်စီးဆင်းမှု လျင်မြန်ရေးအတွက် ယခုပွင့်လင်းရာသီမှစ၍ ယာဉ်ယန္တရားများ အပြည့်အဝအသုံးပြုပြီး ရရှိရန်ပုံငွေဖြင့် ထိထိရောက်ရောက် ပြုပြင်ဆောင်ရွက်သွားရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

ဇန်နဝါရီ ၄ရက်က (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို မရမ်းကုန်းမြို့နယ် အထက(၁) စန္ဒိမာခန်းမ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှပေးပို့သော သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အုန်းက ဖတ်ကြားစဉ်။ (၁၁၁)

မြောက်ဥက္ကလာပဆေးရုံကြီးသို့ နို့မှုန့်နှင့်ဆန်အိတ်များ လာရောက်လှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၅

Mo Asia Co., Ltd. က မြောက်ဥက္ကလာပဆေးရုံကြီးတွင် တက်ရောက်ကုသနေသော ကလေးလူနာများအတွက် အာဟာရပံ့ပိုးဖြည့်တင်းပေးနိုင်ရန် ငွေကျပ်၁၀သိန်းတန်ဖိုးရှိ နို့မှုန့်များနှင့် ဆန်အိတ်များ လာရောက်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးချစ်ကိုတင်က လက်ခံပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။(**အပေါ်ပုံ**)

တက်ရောက်

အခမ်းအနားသို့ မြောက်ဥက္ကလာပဆေးရုံကြီးမှ ကလေးအထူးကုဆရာဝန်ကြီးများ၊ သားဖွားမီးယပ်အထူးကု ဆရာဝန်ကြီးများ၊ သမားတော်ကြီးများနှင့် Mo Asia Co., Ltd. မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ (**ကျန်းမာရေး**)

စာကြည့်တိုက်အဆောက်အအုံ၊ ရန်ပုံငွေနှင့် စာအုပ်စာစောင်များ လွိုင်လင်တွင် လွှဲအပ်လှူဒါန်း

လွိုင်လင် ဇန်နဝါရီ ၅

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် လွိုင်လင်မြို့နယ် တောင်နောက်ကျေးရွာအုပ်စု တောင်နောက်ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံ လွှဲအပ်လှူဒါန်းခြင်းနှင့် စာကြည့်တိုက်ရန်ပုံငွေ စာအုပ်များ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ဒီဇင်ဘာ ၁၆ရက်နံနက်၁၀နာရီက အဆိုပါကျေးရွာစာကြည့်တိုက် အဆောက်အအုံရှေ့၌ ကျင်းပသည်။

ရှင်သန်ခိုင်မာရေး

ရှေးဦးစွာ ခရိုင်ဥက္ကဋ္ဌနှင့်မြို့နယ်ဥက္ကဋ္ဌတို့က ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များဆောင်ရွက်ပေးနေမှု၊ ကျောင်းနေအရွယ်ကလေးများ ပညာသင်ကြားရေးကိစ္စများနှင့် စာကြည့်တိုက်ရှင်သန်ခိုင်မာရေး ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ကျေးရွာပြည်သူများ ဆောက်လုပ်ထားသည့် စာကြည့်တိုက် အဆောက်အအုံကို စာကြည့်တိုက် ကော်မတီဝင်တစ်ဦးက ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးမောင်မှူးထံသို့ အဆောက်အအုံနှင့် ပတ်သက်သော စာရွက်စာတမ်းများပေးအပ်ပြီး မြို့နယ်ဥက္ကဋ္ဌက ကျေးရွာ မူလွန်ကျောင်းသားများအတွက် ကျောင်းသုံး ဗလာစာအုပ်များ လှူဒါန်းသည်။ ပြည်နယ် လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဟေမာန်ဦးစာပေမှ အလှူရှင်တို့က စာကြည့်တိုက်အတွက် စာအုပ်စာစောင် ၃၀၀ ကို စာကြည့်တိုက်မှူးထံ လှူဒါန်းသည်။

လှူဒါန်း

ဆက်လက်၍ စာကြည့်တိုက် ရန်ပုံငွေကျပ်သုံးသောင်းကို ကျေးရွာ ရပ်မိရပ်ဖက စာကြည့်တိုက်မှူးထံလှူဒါန်းပြီး ကျေးရွာစာကြည့်တိုက်အဆောက်အအုံကို မြို့နယ်ဥက္ကဋ္ဌနှင့်ခရိုင်ဦးစီးအရာရှိတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

(ပြည်နယ် ပြန်/ဆက်)

တောင်ငူဂျီတီအိုင် ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲနှင့်မိတ်ဆုံစားပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၅

တောင်ငူ ဂျီတီအိုင် ကျောင်းသားကျောင်းသူဟောင်းများ၏ အငှမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဒီဇင်ဘာ၂၈ရက်က မရမ်းကုန်းမြို့နယ် ရှစ်မိုင်လမ်းဆုံ ရွှေဘဲစားတော်ဆက်၌ ကျင်းပသည်။

ရှိခိုးပူဇော်

အခမ်းအနားတွင် ကျောင်းသားဟောင်းကိုကျော်လင်းသန့်က ကန်တော့ချိုး တိုင်ပေးပြီး ကျောင်းသား ကျောင်းသူဟောင်းများက အပူဇော်ခံ ဆရာကြီး ဆရာမကြီးများအား ရှိခိုးပူဇော်ကာ (**ယာပုံ**) ကန်တော့လက်ဆောင်ပစ္စည်း ပေးအပ်ကြသည်။

ဆက်လက်၍ ဆရာကြီး ဆရာမကြီးများကိုယ်စား ဦးခင်မောင်သိန်း၊ ဦးဝင်းကြည်၊ ဒေါ်မြသန်းနှင့် ဒေါ်ခင်စန်းယုတို့က သြဝါဒစကား ပြောကြားကြပြီး ကျောင်းသား ကျောင်းသူဟောင်းများကိုယ်စား ကိုနန္ဒဖုန်းကြွယ်၊ မလွင်လွင်ကြည်နှင့် ပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့ကိုယ်စား ကိုနိုင်မင်းသူတို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။

(**မြန်မာ့အလင်း**)

ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်းရှင်များ ကုန်သွယ်လုပ်ငန်းခွန်ဆိုင်ရာ ပညာပေး

ရန်ကုန် ဇန်နဝါရီ ၅

ပြည်တွင်းအခွန်များဦးစီးဌာန မန္တလေးတိုင်း အခွန်ဦးစီးဌာနမှူးရုံးတွင် ဒီဇင်ဘာ ၃၀ရက်က စားသောက်ဖွယ်ရာ တည်ခင်းရောင်းချသည့် ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်းရှင်များအား ကုန်သွယ်လုပ်ငန်းခွန်ဆိုင်ရာ အခွန်ပညာပေးဆွေးနွေးပွဲ အခမ်းအနားကို ကျင်းပသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ မန္တလေးတိုင်း အခွန်ဦးစီးဌာနမှူး ဦးကျော်ဇေယျက ဦးစီးဌာနမှကောက်ခံလျက်ရှိသည့် အခွန်များနှင့်ပတ်သက်၍ သိသင့်သိထိုက်သည်များကို ရှင်းလင်းပြောကြားပြီး (**အောက်ပုံ**) ချမ်းအေးသာစံမြို့နယ် အခွန်ဦးစီးဌာနမှူး ဦးတင်အေးက ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်းများ ထားရှိရမည့် မှတ်ပုံတင်စာအုပ်များ၊ စာရင်းများနှင့် ပြေစာများတွင် တံဆိပ်ရိုက်နှိပ်မှု လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် အခွန်ထမ်းများမှ ဆွေးနွေးတင်ပြချက်များကို တိုင်းအခွန်ဦးစီးဌာနမှူးက ရှင်းလင်းပြောကြားသည်။ အခမ်းအနားသို့ အခွန်ထမ်းလုပ်ငန်းရှင် ၃၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ (**တိုင်းအခွန်ဦးစီး**)

တောင်ငူခရိုင် ပြန်/ဆက်ဦးစီးအရာရှိ မြို့နယ်ဝန်ထမ်းများနှင့်တွေ့ဆုံ အရည်အသွေးပြည့်ဝသော စာကြည့်တိုက်များဖြစ်ရေး ထိန်းသိမ်းရန်ပြောကြား

တောင်ငူ ဇန်နဝါရီ ၅

တောင်ငူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းမော်သည် ဒီဇင်ဘာ ၁၇ရက် မွန်းလွဲ ၁နာရီက အုတ်တွင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ ရောက်ရှိပြီး မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ ဦးစီးဌာန၏ လုပ်ငန်းများကို တွေ့ဆုံဆွေးနွေးသည်။ (**ယာပုံ**)

မှာကြား

ရှေးဦးစွာ ခရိုင်ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းမော်က မှာကြားရာတွင် ရေရှည်တည်တံ့ခိုင်မြဲသောအရည်အသွေးပြည့်ဝသည့်ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များဖြစ်ရေးထိန်းသိမ်းရန်နှင့် ဝန်ထမ်းအားလုံး အရည်အသွေးမြင့်မားသော မီဒီယာသမားများဖြစ်လာအောင်ကြိုးပမ်းရေး ပြောကြားသည်။

ဆောင်ရွက်ပေး

ထို့နောက် အုတ်တွင်းမြို့နယ် ရုံးသစ်ဆောက်လုပ်ရန် စီမံဆောင်ရွက်ထားရှိမှုကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးကတင်ပြရာ ခရိုင်ဦးစီးအရာရှိက ဆောက်လုပ်မည့်မြေနေရာအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဆောင်ရွက်ပေးကြောင်း သိရသည်။

(**ခရိုင် ပြန်/ဆက်**)

ပုလောမြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် ဇန်နဝါရီ ၅

ပုလောမြို့နယ်အသင်း(ရန်ကုန်)၏ ၂၀၀၈ခုနှစ် သင်းလုံးကျွတ်နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၂၄ရက် (စနေနေ့)တွင် ရွှေတိဂုံ အရှေ့ဘက်မုခ် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။ ၂၀၀၈ ခုနှစ်တွင် ပါရဂူဘွဲ့ရရှိသူများ၊ တက္ကသိုလ်ဝင်တန်းကို ဂုဏ်ထူးဖြင့်အောင်မြင်ကြသည့် ပုလောမြို့နယ်အသင်းဝင် သားသမီးများ၊ အသင်းဝင်မိသားစုများမှ အသက်(၇၅)နှစ်ပြည့်ပြီးဖြစ်သည့် အဘိုးအဘွားများ ဇန်နဝါရီ ၁၅ရက် နောက်ဆုံးထား၍ စာရင်းပေးပို့ရန်နှင့် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံပညာသင်ထောက်ပံ့ကြေး လျှောက်ထားလိုသည့် အသင်းဝင် သားသမီးများ၊ ၂၀၀၉ခုနှစ် အသင်းအမှုဆောင်အဖြစ် ပါဝင်ဆောင်ရွက်လိုသည့် အဆိုပြုလွှာများ၊ သင်းလုံးကျွတ်အစည်းအဝေးတွင် အကြံပြုစာများကို ဇန်နဝါရီ ၁၅ရက် နောက်ဆုံးထား၍ အသင်းရုံးသို့ အထောက်အထားများနှင့် ပေးပို့ကြရန် နှိုးဆော်ထားသည်။ (**မြန်မာ့အလင်း**)

ဥတ္တရာသီ တောကိုမှီ၍

ဇန်နဝါရီ ၄ရက်က (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို အလုံမြို့နယ်၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှပေးပို့သော သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းမြင့်က ဖတ်ကြားစဉ်။ (မြန်မာ့အလင်း)

ဇန်နဝါရီ ၄ရက်က (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ပန်းတနော်မြို့နယ်၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြဦးက ဖတ်ကြားစဉ်။ (မြန်မာ့အလင်း)

ဇန်နဝါရီ ၄ရက်က (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ကျိုက်လတ်မြို့နယ်၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သောသဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်သန်းဇော်က ဖတ်ကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

ဇန်နဝါရီ ၄ရက်က (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ရန်ကင်းမြို့နယ်၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သောသဝဏ်လွှာကို ရန်ကင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုအောင်က ဖတ်ကြားစဉ်။ (၁၇၀)

ဇန်နဝါရီ ၄ရက်က (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ကမာရွတ်မြို့နယ်၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှပေးပို့သော သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်တင်က ဖတ်ကြားစဉ်။ (မြန်မာ့အလင်း)

၂၀၀၈ ခုနှစ် ပြည်နယ်/တိုင်း အားကစားပြိုင်ပွဲများတွင် ပထမတံခွန်စိုက်ဒိုင်းဆုရ မန္တလေးတိုင်းအားကစားအသင်းများအား ဂုဏ်ပြု

ရန်ကုန် ဇန်နဝါရီ ၅

၂၀၀၈ခုနှစ်ပြည်နယ်/တိုင်းအားကစားပြိုင်ပွဲများတွင် ပထမတံခွန်စိုက် ဒိုင်းရရှိခဲ့သော မန္တလေးတိုင်း အားကစားအသင်း ငါးသင်းအား ဂုဏ်ပြုချီးမြှင့်ပွဲကို ဒီဇင်ဘာ၂၆ရက် မွန်းလွဲ ၁ နာရီခွဲက မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် အဝေးရောက်နာယက မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက တိုင်းမှူး၏ဇနီး ဒေါက်တာ ဒေါ်ခင်သီတာ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့်ဇနီး ဒေါ်မိုးသီတာ၊ ဒုတိယ တိုင်းမှူး ဗိုလ်မှူးချုပ် သန်းထွန်းအောင်နှင့် ဇနီး ဒေါ်မို့မို့နွယ်၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ တိုင်းအားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူ များ၊ လူမှုရေးအသင်းအဖွဲ့များ၊ အောင်ပွဲရအသင်းများမှ အုပ်ချုပ်သူနည်းပြနှင့် အားကစားသမားများ တက်ရောက်ကြသည်။

တစ်ဦးချင်းမိတ်ဆက်

ရှေးဦးစွာ ပထမတံခွန်စိုက်ဆုရ အားကစားအသင်း ငါးသင်းဖြစ်သည့် လူငယ်စစ်တုရင်အသင်း၊ ဂူရှူး(ဆန်းဆို)အသင်း၊ အသက်(၁၈)နှစ်အောက် ပြေးခုန်ပစ်အသင်း၊ ဘိလိယက်နှင့် စနူကာအသင်း၊ အမျိုးသားရေကူးအသင်းတို့မှ ရွှေတံဆိပ်ဆုရှင်များက တစ်ဦးချင်းမိတ်ဆက်ကြသည်။

ထို့နောက်တိုင်းမှူးက အမှာစကား ပြောကြားပြီး တံခွန်စိုက်ဒိုင်းရရှိခဲ့ကြသော အသင်းငါးသင်းမှ အုပ်ချုပ်သူ၊ နည်းပြတို့က တံခွန်စိုက်ဒိုင်းဆုများအား တိုင်းမှူးထံအပ်နှံကြရာ တိုင်းမှူးကလက်ခံပြီး အသင်းလိုက် ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုငွေများ အသီးသီး ပြန်လည်ချီးမြှင့်သည်။ **(အပေါ်ပုံ)**

ပေးအပ်ချီးမြှင့်

ထို့နောက် တိုင်းမှူး၏ဇနီးက အောင်ပွဲရ အသင်းငါးသင်းမှ ရွှေတံဆိပ်ဆုရှင်၂၈ဦးနှင့် အကောင်းဆုံးအားကစားသမားဆုရရှိသူ တစ်ဦး စုစုပေါင်း၂၉ဦးကိုယ်စားအားကစားသမားနှစ်ဦးအားလည်းကောင်း၊ ငွေတံဆိပ်ဆုရှင်၂၂ဦးကိုယ်စားအားကစားသမားနှစ်ဦးအားလည်းကောင်း၊ ကြေးတံဆိပ်ဆုရှင် ၁၅ဦး ကိုယ်စား အားကစားသမား နှစ်ဦးအားလည်းကောင်း ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အောင်ပွဲရ အားကစားအသင်းများကိုယ်စား မန္တလေးတိုင်းဘိလိယက်နှင့် စနူကာဆပ်ကော်မတီ အတွင်းရေးမှူး ဦးဆောင်ဆောင်စိန်က ကျေးဇူးတင်စကား ပြောကြားသည်။ **(သတင်းစဉ်)**

နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့်ဟောပြောပွဲ သာကေတမြို့နယ် အမက(၃၇)၌ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၅

သာကေတမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အမှတ်(၃၇) အခြေခံပညာမူလတန်းကျောင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကို ဇန်နဝါရီ ၂ရက် နံနက် ၁၀နာရီက အဆိုပါကျောင်း၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားကို မြို့နယ်ဦးစီးမှူး ဒေါ်မာမာဦးနှင့် လက်ထောက်ဆရာမ ဒေါ်ခင်မျိုးသူတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်သည်။ ဆက်လက်၍ ဆရာမ ဒေါ်အေမီဟန်က အဖွင့်အမှာစကား ပြောကြားပြီး သာကေတမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မာမာဦးက လွတ်လပ်ရေးနေ့အကြောင်း သိကောင်းစရာခေါင်းစဉ်ဖြင့် ဟောပြောပြီး **(အောက်ပုံ)** လက်ထောက်ဆရာမ ဒေါ်ခင်မျိုးသူက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ကြည့်ရှု

ထို့နောက် ကျောင်းသား ကျောင်းသူများက ပြသထားသော နံရံကပ်စာစောင်နှင့် ဓာတ်ပုံများကို စိတ်ဝင်စားစွာ ကြည့်ရှုကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြီးမှူး၍ လွတ်လပ်ရေးနေ့ အားကစား ပြိုင်ပွဲများကို ဇန်နဝါရီ ၂ ရက်နှင့် ၃ ရက်က အမှတ် (၉၄) ရပ်ကွက်ယုဇနဥယျာဉ်မြို့တော်၌ ကျင်းပရာ အမျိုးသမီးများ ဆန့်ကောရွက်ပြိုင်ပွဲ ယှဉ်ပြိုင်စဉ်။

(မြို့နယ် ပြန်/ဆက်)

✳ ရှေ့ဖုံးမှ

သံတွဲခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးညိုထွန်းမြင့် ရောက်ရှိလာပြီး မြို့နယ် အတွင်းရေးမှူးနှင့် အတူ ညသ၂နာရီအထိ အခမ်းအနားအတွက် ပြင်ဆင်ရကြောင်း ပြောပြသည်။ မကြာမီ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသန့်ဇင်ထွန်းနှင့်အတူ စူပါဆလွန်းတစ်စီးငှားကာ မိုးစပါး စံပြကွက် ရိတ်သိမ်းမည့် သံတွဲမြို့အဝင် ဧက၂၀၀စပါးခင်းသို့သွားရာ မြို့နယ်အတွင်းရေးမှူးက သံတွဲမြို့အဝင် ဒွါရာဝတီတံတား ပေါ်အရောက် ယခင်ကသံတွဲမြို့မှ တောင်ကုတ်-ရန်ကုန်သို့သွားလိုလျှင် သံတွဲချောင်းကို လှေကြီးများ၊ သင်္ဘောများနှင့် သံတွဲမှတစ်ဖက်ကမ်းကို ခက်ခဲစွာကုန်ပစ္စည်းများ တင်ပို့ကာ ခရီးသည်များသွားလာရကြောင်း၊ တပ်မတော်အစိုးရလက်ထက်မှ မည်သည့်ခေတ်ကာလ၌ပင် မဆောက်လုပ်နိုင်ခဲ့သော ဒွါရာဝတီတံတားကို သံတွဲချောင်းကို ဖြတ်ပြီး ငွေကျပ် ၁၁၅၄ သိန်း အကုန်အကျခံကာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူကာ ၁၉၉၅ခုနှစ် ဧပြီ ၁ ရက်က စတင်ဆောက်လုပ်ခဲ့ကြောင်း၊တံတားမှာအရှည်ပေ ၅၄၀×အကျယ်၂၈ပေ ဖြစ်ပြီး ကြမ်းခင်းမှာ သံကူကွန်ကရစ်ဖြစ်၍ အောက်ခြေပိုင်ကို အုတ်မြစ်နှင့် သံကူကွန်ကရစ်တို့ဖြစ်ကြောင်း၊ သမိုင်းတွင်ရစ်မည့် ဒေသခံများအတွက် လွန်စွာ တန်ဖိုးရှိသည့် တံတားကြီးပင်ဖြစ်ကြောင်း ပြောပြခဲ့သည်။

ကွင်းဆင်းတိုင်းတာ

မြို့ဝင်ဧက၂၀၀စံကွက်တွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဆန်းနှင့် အဖွဲ့ဝင်များ၊ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်လွင်နှင့် အဖွဲ့ဝင်များ၊ ဒေသခံ လယ်သမားကြီးက စံကွက်အထွက်နှုန်းကို ကွင်းဆင်းတိုင်းတာကြသည်။

ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌမှာ ဌမြို့သို့ ခရီးဆက်ရမည်ဖြစ်၍ သတင်းအဖွဲ့အား နှုတ်ဆက်ကာ ထွက်သွားခဲ့သည်။

စုရပ်တွင် ခရိုင်မြေစာရင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးမြင့်၊ ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးစောမျိုးဇင်ချစ်တို့က မြန်မာ့အလင်း အဖွဲ့ကို သိလိုသမျှရှင်းလင်း ပြောပြသည်။

မြို့ဝင် စံပြဧက ၂၀၀ သည် လယ်သမားကြီး ၃၈ဦးပိုင် လယ်မြေများကို စုပေါင်းကာ စိုက်ပျိုးရေးဝန်ထမ်းများက ပညာပေးစည်းရုံးကာ လက်တွေ့ပြသသည့်စံကွက်ဖြစ်သည်။

ရခိုင်ပြည်နယ်သည် နှစ်စဉ်ပျမ်းမျှ မိုးရေချိန်လက်မ ၂၀၀ကျော် ရွာသွန်းသည့် ပြည်နယ်ဖြစ်သဖြင့် သဘာဝမိုးရေသည် စပါးအထွက်တိုးရန်၊ ဆောင်းသီးနှံ အောင်မြင်ရန်အတွက် သဘာဝ ဓာတ်မြေသြဇာများ ပါလာသဖြင့် ရခိုင်ပြည်နယ်တွင် စိုက်ပျိုးသမျှ ဖြစ်ထွန်းအောင်မြင်နေသဖြင့် ဒေသခံများသည် စိုက်ပျိုးရေးဌာနဝန်ထမ်းများက ခေတ်မီနည်းပညာ၊ ဓာတ်မြေသြဇာသုံးရန် ပညာပေးစည်းရုံးသော်လည်း အလေးမထား၊ မိရိုးဖလာ လုပ်ငန်းဖြင့်သာ စိုက်ပျိုးနေကြသည်။

သို့ရာတွင် စိုက်ပျိုးရေး ဝန်ထမ်းများ၏ ကြိုးပမ်းမှုဖြင့် လယ်သမားကြီး ၃၈ဦးတို့က ခေတ်မီနည်းပညာ၊ ဓာတ်မြေသြဇာများ သုံးစွဲသဖြင့် ဧက ၂၀၀ စံပြကွက်သည် မိရိုးဖလာစိုက်ပျိုးသူများထက် ပိုထွက်ကြောင်း သိရသည်။

ယမန်နှစ်စံပြကွက်များ တစ်ဧက ၁၀၃တင်းထွက်ကာ ဦးစံအောင်မိုးစပါးကွက်မှာတစ်ဧက ၁၁၇တင်းထွက်သည်အထိ စံချိန်တင်ခဲ့သည်။

သံတွဲမြို့နယ်အနေဖြင့် ဆန်ဖူလုံမှု ၁၄၈ ဒသမ ၄၁တင်းဖြစ်ပြီး ဆီဖူလုံမှုမှာ ၁၇၆ ဒသမ ၆၆ ရာခိုင်နှုန်းဖြစ်၍ ဆောင်းသီးနှံမြေပဲစိုက်ပျိုးမှုအောင်မြင်သည့်မြို့ဖြစ်သည်မှာ ထင်ရှားသည်။

ယခုနှစ်တွင် သံတွဲမြို့နယ်၌ ဆောင်းသီးနှံနေကြာပန်း၊ပန်းနှမ်း၊နှမ်း၊ ဆီမုန်ညင်း ဧက ၂၇၈၉၀ စိုက်ပျိုးရန် လျာထားသည်။ မိုးစပါးမှာ ၅၀၈၉၃ ဧက စိုက်ပျိုးထားပြီး ယခုအခါ ရိတ်သိမ်းစပြုနေသည်။ စပါးများရိတ်သိမ်းပြီးသည်နှင့် ဆောင်းသီးနှံများ စိုက်ပျိုးကြမည်ဖြစ်ကြောင်း၊ ဆည်ရေသောက်လယ်များမရှိသဖြင့် နွေစပါး မစိုက်နိုင်ကြောင်း သိရသည်။

ဒေသထွက်ကုန်

မြို့နယ်အတွင်းရေးမှူးက ပင်လယ်ကမ်းစပ်မြို့ဖြစ်သည့် သံတွဲမြို့သည် အရှေ့နှင့်အနောက် ၂၈ဒသမ ၃၃မိုင်၊ တောင်နှင့် မြောက် ၄၈မိုင်၊ စတုရန်းမိုင်၁၃၆၀ဒသမ၆၀၊ဧရိယာ ၈၇၀၅၀၄ ဧကကျယ်ဝန်းပြီး ရပ်ကွက်၇၃၊ကျေးရွာအုပ်စု ၆၃အုပ်စုရှိ၍ လူဦးရေ ၁၅၂၁၁၃ ဦးရှိကြောင်း ပြောပြကာ ပုဂ္ဂလိက ဒေသထွက်ကုန် လုပ်ငန်းအချို့ကို လိုက်လံပြောပြသည်။

"ကျွန်တော့်နာမည် ဦးမြင့်ဦးပါ၊ ဇာတိက စစ်ကိုင်းတိုင်း ချောင်းဦးမြို့နယ်ကပါ၊ အညာသားပါ၊ သံတွဲမှာ ရခိုင်လူမျိုးနဲ့ အိမ်ထောင်ကျပြီး မိသားစုတွေ ကောင်းစံငပလီ အုန်းဆီမွှေး လုပ်ငန်းလုပ်ကိုင်ပြီး မိသားစု စားဝတ်နေရေးအတွက် လုပ်ကိုင်နေပါတယ်။ ဒေသထွက် အုန်းသီးကုန်ကြမ်းလိုသလောက်ရတာမို့ ကုန်ကြမ်းအခက်အခဲမရှိသလို ထုတ်ကုန်လဲရာနှုန်းပြည့် အုန်းဆီအစစ်မို့ဝယ်ယူသူများပါတယ်။ ကျွန်တော်တို့မြို့မှာ အုန်းဆီထုတ်လုပ်သူ နှစ်ဦးရှိပါတယ်"ဟုမြန်မာ့အလင်းသို့ ပြောပြသည်။

ကောင်းစံ ငပလီ အုန်းဆီမွှေး လုပ်ငန်းသည် သံတွဲမြို့ မဟာဗောဓိလမ်း အမှတ် (၆)ရပ်ကွက်တွင်ရှိပြီး မိသားစု ကိုးဦး၏ စားဝတ်နေရေးကို လက်တွေ့ဖြေရှင်းနေသည့်ဒေသထွက်ပစ္စည်း အုန်းသီးဆန်ကို နေလှန်း၊ ကတ်ကြေးညှပ်၊ စက်ဖြင့်ကြိတ်ကာ သဘာဝအုန်းဆီစစ်စစ် ထုတ်လုပ်ကာ ငပလီအမှတ်တရအဖြစ် လည်းကောင်း၊ ရန်ကုန်သို့လည်းကောင်း၊ ပုလင်း၊ ပလတ်စတစ်ဘူးတို့ဖြင့် တင်ပို့နေရာ အုန်းပင်အုန်းသီး ပေါသည့် ဒေသမှ ထွက်ကုန်ဖြင့် မိသားစုစားဝတ်နေရေး အဆင်ပြေအောင်ကြိုးပမ်းသည့်ဒေသခံတို့၏ တစ်ပိုင်တစ်နိုင် လုပ်ငန်းအဖြစ် မြန်မာ့အလင်းအဖွဲ့က မှတ်တမ်းတင်ခဲ့သည်။

ဆက်လက်ပြီး သံတွဲမြို့တွင်း ကျောက်ချောလမ်းခင်း၍ ကျောက်ကြမ်းများခင်းထားသည့် လမ်းအတိုင်း ခြေကျင်လျှောက်ကာဒွါရာဝတီအမည်နှင့် ငါးမုန့်၊ ပဲခွေ၊ အာလူးများ ထုတ်လုပ်သည့် ဦးမောင်ပု(ခ) ဦးစောလှိုင်အိမ်သို့သွားရောက်လေ့လာခဲ့ကြသည်။

ငါးမျိုးစုံ

ဒေသထွက်ကုန် ငါးမျိုးစုံပေါသည့် သံတွဲမြို့ ပင်လယ်ကမ်းခြေရှိ ရေလုပ်သားများထံ သွားရောက်၍ ငါးများဝယ်ယူခြင်း၊ အအေးခန်းစက်ရုံများမှ ပေမသီသဖြင့် ပြန်ရောင်းသည့် ငါးများဝယ်ယူကာ အသားလှီးခြင်း၊ သန့်စင်ရန် ရေဆေးခြင်း၊ စက်ဖြင့်ကြိတ်၍ ပထမထွက်လာသည့် ငါးအသားများကို ပီလောပီနံမှုန့်ဖြင့် ရောစပ်ကာ ဒုတိယအကြိမ်စက်ဖြင့် ထပ်မံကြိတ်ရသည်။

ဒုတိယအကြိမ် ထွက်လာသည့် မုန့်သားများကို ပျစ်သွားစေရန် လက်နယ်ကာ အသင့်ဖြတ်ထားသည့် ဝါးပိုးဝါးခွက်ထဲတွင် ထည့်၍ ပေါင်းအိုးဖြင့် တစ်နာရီကြာ ပေါင်းရပါသည်။ ထွက်လာသည့် ငါးမုန့်များကို အအေးခံကာ စက်ဖြင့် ပါးပါးလှီး တစ်ရက်နေလှန်းရသည်။ ခြောက်လာသည့်အခါ ဒေသအခေါ်ပါပလာ(ငါးမုန့်)များကို အရေအတွက်နှင့်ထုပ်ပိုးကာဈေးကွက်တင်ပို့ပါသည်။ လုပ်သားရှစ်ဦးမှာ တစ်နေ့ကျပ် ၂၀၀၀ခန့် လုပ်အားခရပြီး ထုတ်လုပ်သူမှာလည်း အဆင်ပြေသဖြင့် ကျေနပ်စရာ ဒေသထွက်ကုန်အဖြစ် သတင်းအဖွဲ့ကမှတ်တမ်းတင်ခဲ့သည်။

မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်လွင်၊ မြို့နယ်စည်ပင်သာယာအမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်မြင့်တို့(၁)ရပ်ကွက် သုတိလမ်း ဦးစိုးမြင့် ပုဂ္ဂလိကရက်ကန်းရုံမှ စောင့်နေသဖြင့် သတင်းအဖွဲ့ လာရောက်လေ့လာရန်အကြောင်းကြား၍ မြို့နယ်အတွင်းရေးမှူး၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိတို့နှင့်အတူသွားရောက်ကြသည်။

"ဒီဇိုင်းလှလှတွေနဲ့ ထုတ်လုပ်ပါတယ်"

ဦးစိုးမြင့်
ရက်ကန်းလုပ်ငန်းရှင်။

"ကျွန်တော် ရက်ကန်းလုပ်ငန်းလုပ်တာ ၄၆နှစ်ရှိပါပြီ။ မိရိုးဖလာလုပ်ငန်းပါ။စစ်တွေကအမျိုးသမီးဝတ်ရက်လုပ်ပါတယ်။ ယခင်က ရခိုင်အမျိုးသားဝတ် လုံချည်တွေ ရက်လုပ်ပါတယ်။ အခု ရခိုင်လုံချည်တွေက ဈေးကွက်မှာ အဝယ်နည်းသွားလို့ Table Mat လို့ခေါ်တဲ့ ဝါးစားပွဲခင်းတွေနဲ့ စမ်းသပ်ထုတ်လုပ်ရာ အတော်အောင်မြင်လို့ အခု ကျွန်တော် အဲဒီဝါးစားပွဲခင်းတွေကို ဒီဇိုင်းလှလှတွေနဲ့ ထုတ်လုပ်ပါတယ်"ဟု ဦးစိုးမြင့်က လက်ကျန်ပစ္စည်း အနည်းငယ်သာရှိတဲ့ Table Mat ကို ပြသပါတယ်။

အလုပ်သမ၁၂ဦးဖြင့် ရက်ကန်းစင်တွင် ရခိုင်အမျိုးသားဝတ်လုံချည်များနှင့် ဝါးစားပွဲခင်း၊ နေကာတို့ကို ရက်လုပ်နေမှုနှင့် မျက်နှာကြက်၊ ခြေသုတ်ခုံ စသည်တို့ကို အဆင့်မီမီ ပြည်ပပို့ကုန်အထိ ထုတ်လုပ်မှုများကို ပြသသည်။

Table Mat တစ်ခုကိုသံတွဲတွင် ကျပ်၁၀၀၀၀န်းကျင်သာဝယ်ရသဖြင့် ပြည်ပမှ ငပလီ အပန်းဖြေသူများ၊ ဟိုတယ်များ၊ လက်ဆောင်ပေးလိုသူများက ဝယ်ယူကြရာ ထုတ်သမျှကုန်နေသည့် Table Mat ပင်ဖြစ်သည်။

ရက်လုပ်နေ

ရွှေကျောင်းပြင်၊ပန်းချင်းပေါက်၊ ဘောင်ရွှေပြင်၊ ခြံပြင်ကျေးရွာများမှ ၁၄ လက်မအရှည် အသင့်ပြုလုပ်ပြီး ဝါးတံငယ်များဝယ်ယူကာပိုးသတ်ရန်အတွက် ဝါးတံများ ရေဖြင့်ပြုတ်ကာ လေးရက်နေလှန်း ရက်လုပ်ကြောင်း၊ အန်လေးပေနှင့် အလျား ကြိုက်သလောက်အော်ဒါမှာယူနိုင်ကြောင်း၊ ရန်ကုန်မြို့ရှိ ဗိုလ်ချုပ်ဈေးအတွင်းဆိုင်အချို့၌ ဝယ်ယူနိုင်ကြောင်း သိရသည်။

ဒေသထွက်ကုန်ဖြင့် ဒေသခံလုပ်သား မိသားစုများကို အလုပ်ပေးကာ ဝင်ငွေရရှိရန်ကြိုးပမ်းပြီး မိမိ၏မိသားစု စားဝတ်နေရေးအတွက် ရိုးသားစွာ ကြိုးစားဆောင်ရွက်နေသည့် ဦးစိုးမြင့် ရက်ကန်းရုံမှ မြန်မာ့အလင်း သတင်းအဖွဲ့ နံနက်စာစားရန်ပင် သတိမရအောင် ဒေသထွက်ကုန်များလိုက်လံလေ့လာအပြီး ခရီးလှည့် ပြန်ခဲ့ပါတော့သည်။ ။

(မြန်မာ့အလင်း)

ငါးမုန့်လုပ်ငန်းကိုလည်း ဤသို့ တစ်ပိုင်တစ်နိုင် လုပ်ကိုင်နေသည်။
(မြန်မာ့အလင်း)

ဝါးစားပွဲခင်း ရက်ကန်းရက်လုပ်နေသည်မှာလည်း မြန်ဆန်လှသည်။
(မြန်မာ့အလင်း)

ကောင်းစံ ငပလီ အုန်းဆီမွှေးလုပ်ငန်းကို တွေ့ရစဉ်။ (မြန်မာ့အလင်း)

MRTV- 4
ရုပ်မြင်သံကြားအစီအစဉ်

၆-၁-၂၀၀၉ (အင်္ဂါနေ့)

AM & PM

၇:၀၀-၁:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅-၁:၀၅	ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ ဟောကြားတော်မူသော တရားတော်
၇:၅၀-၁:၅၀	ရိုးမနှင့်ပင်လယ်ကြား အလှများကြွယ်တဲ့ "တောင်ကုတ်နယ်"
၈:၀၀-၂:၀၀	တေးဂီတအစီအစဉ်
၈:၀၅-၂:၀၅	Sunday Talk
၈:၅၅-၂:၅၅	နိဗ္ဗာန်သို့ရည်မှန်းကုသိုလ်ယူ မြတ်သောအလှူ
၉:၀၀-၃:၀၀	အမြင်ဆန်းတင့် သပ်ရပ်ခံ့ထည် အလှဆင်မယ်
၉:၁၅-၃:၁၅	ပြည်တွင်းသတင်းအကျဉ်း
၉:၂၅-၃:၂၅	ရေပျော်ငှက်တို့ အားထားရာ အမှန် ရေကြောင်းပညာသိပ္ပံ
၉:၅၅-၃:၅၅	တေးဂီတအစီအစဉ်
၁၀:၀၀-၄:၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၀၅-၄:၀၅	ဓာတ်ပုံထဲမှ အမှတ်တရများ (သရုပ်ဆောင်-စည်သူမောင်)
၁၀:၃၀-၄:၃၀	မိုးလေဝသခန့်မှန်းချက်
၁၀:၃၅-၄:၃၅	တန်ဖိုး (ပိုင်သိခ်၊ ရတီခိုင်ဦး၊ ကေတုမတီမျိုးအောင်) (ဒါရိုက်တာ-ဝင္ဍု၊ ဝသန်)
၁၀:၅၀-၄:၅၀	တေးဂီတအစီအစဉ်
၁၀:၅၅-၄:၅၅	ပြည်တွင်းသတင်းအကျဉ်း
၁၁:၀၅-၅:၀၅	လှုပ်ရှားစုံစုံ မြန်မာ့သုခုမဇာတ်ခုံ (မဟာရန်ကုန်စံပြသဘင်) (အပိုင်း-၁)
၁၁:၃၀-၅:၃၀	တေးဂီတအစီအစဉ်
၁၁:၃၅-၅:၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၄၀-၅:၄၀	အဖိုးတန် အရည်အသွေးများနှင့်ယှဉ်လျက်
၁၂:၀၀-၆:၀၀	တေးဂီတအစီအစဉ်
၁၂:၀၅-၆:၀၅	ကျန်းမာစေသောရေ (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာသန်းထွဋ်)
၁၂:၃၅-၆:၃၅	Music Gallery နေရဲမာန်-အဆင်ပြေရဲ့လား
၁:၀၀-၇:၀၀	MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

✳ ကျော်ဖုံးမှ

စာရေးသူတို့ သတင်းအဖွဲ့မှာ ရောက်ရောက်ချင်းပင် လပွတ္တာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးအေးမောင်ကြည် အား သွားရောက်တွေ့ဆုံ နှုတ်ဆက် ကြသည်။ သတင်းအဖွဲ့သွားရောက် လိုသည့် လပွတ္တာမြို့နယ် ပင်လယ် ပိုင်းဒေသဆားကွင်းများသို့ဆက်လက် သွားရောက်နိုင်ရေးအတွက် ပဲ့ထောင် ရေယာဉ် ချက်ချင်းစီစဉ်ကူညီပေး သဖြင့် နံနက် ၁၁ နာရီတွင် နေလှန်း ဆားကွင်းများရှိရာသို့ ဆက်လက် ထွက်ခွာခဲ့ကြသည်။

သတင်းအဖွဲ့နှင့်အတူ မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစိုးမြင့်လှိုင်နှင့် မြို့နယ် ဆားလုပ်ငန်းရှင်အသင်း အတွင်းရေးမှူး ဦးသိန်းဇော်ဦးတို့ လိုက်ပါလာခဲ့ကြသည်။

ရွှေမြစ်ပေါ်တွင် မေးတင်ထား သော လပွတ္တာမြို့မှာစီးပွားရေးဖွံ့ဖြိုး တိုးတက်သော မြို့တစ်မြို့ဖြစ်သည်။ နံနက်ပိုင်း စီးပွားရေးဈေးကွက်တွင် ဆိပ်ကမ်းတစ်လျှောက် ကုန်ရောင်း ကုန်ဝယ်များ၊ ရေယာဉ်ကြီးငယ်များ၊ ပဲ့ထောင်ရေယာဉ်များနှင့် လှေ၊သမ္ဗန် များဖြင့်စည်ကားနေဆဲအချိန်ဖြစ်သည်။

ရွှေမြစ်ကိုနှုတ်ဆက်၍လပွတ္တာ မြို့မှ ပဲ့ထောင်ရေယာဉ်စတင်ထွက် ခွာပြီး မကြာမီပင် မြို့ဆင်ခြေဖုံးရှိ ဆားလုပ်ငန်းရှင်များ၏ ဆားစက်၊ ဆားသိုလှောင်ရုံများနှင့် ဆားလုပ်သား များ၏ နေအိမ်အဆောက်အအုံများ ပြုပြင်ဆောက်လုပ်နေသည့်မြင်ကွင်း များကို စတင်မြင်တွေ့ခဲ့ရသည်။

တည်ဆောက်

တစ်နာရီခွဲခန့် ခုတ်မောင်းပြီး သောအခါ ပဲ့ထောင်ရေယာဉ်သည် သက္ကယ်သောင် မြစ်ပြင်ကျယ်ကြီး ထဲသို့ ရောက်ရှိနေသည်။ ရာသီဥတု ကောင်းမွန်သဖြင့် သက္ကယ်သောင် မြစ်ပြင်ကျယ်မှာ ရေသင်ဖြူးခင်းထား သလို ဒေါသမာန်မရှိ ပကတိတည် ငြိမ်အေးချမ်းနေသည်။ ဂန့် အိတ်နှင့် ကပျိုကျေးရွာများသို့ ရောက်သော အခါ ဆားလုပ်ငန်းရှင်များနှင့် ဆား လုပ်သားများက နေလှန်းဆားလုပ် ငန်းခွင်ဝင်ရန် ပြင်ဆင်နေမှုများနှင့် ဆားလုပ်သားများ၏ နေအိမ်များကို ပြုပြင်ဆောက်လုပ်နေသည့်မြင်ကွင်း များကိုတွေ့မြင်ရသည့်အပြင် စက်တပ် ပိုက်လှေများဖြင့် ကျားပိုက်ထောင် နေသော ရေလုပ်သားအစုအဖွဲ့များ ကို သက္ကယ်သောင်မြစ်အတွင်း တွေ့ မြင်ခဲ့ရပေသည်။

"ဒီမြစ်တွေက သိပ်ကျယ်တာ ပဲနော်၊ ကမ်းတစ်ဖက်တစ်ချက်ကို ရေးတေးတေးပဲ မြင်ရတော့တယ်" ဟု စာရေးသူက စကားစလိုက်ရာ ဦးစိုးမြင့်လှိုင်က "ဒါကသက္ကယ် သောင်မြစ်ပြင်ကျယ်ကြီးလေ…ရှေ့ မှာ ဘင်္ဂလားပင်လယ်အော်ကို လှမ်း

"လေဘေးကြောင့် ဆား လုပ်ငန်းတွေ တော်တော်ပျက်စီး ခဲ့ပါတယ်၊ ဒါပေမယ့် နိုင်ငံတော် ရဲ့ ကျေးဇူးကြောင့် အချိန်တို အတွင်း ပြန်လည်ရှန်းထနိုင်ခဲ့ ပါပြီ"
ဦးလှသောင်း(ဆားလုပ်ငန်းရှင်)
(ဆင်ခြေရာဆားဖိုစုကျေးရွာ)

မြင်နေရပြီ" ဟုစာရေးသူကို လက်ညှိုး ထိုး၍ ပြနေသည်။

ဆီးကြို

နှစ်နာရီခန့် ခုတ်မောင်းပြီးသော အခါ အတွင်းချောင်းငယ်တစ်ခုသို့ ပဲ့ထောင်ရေယာဉ် ချိုးဝင်နေသဖြင့် မြို့နယ်ဆားလုပ်ငန်းရှင်အသင်း အတွင်း ရေးမှူး ဦးသိန်းဇော်ဦးအား မေးမြန်း ကြည့်ရာ ဆင်ခြေရာကျေးရွာအုပ်စု ဆင်ခြေရာဆားဖိုစုကျေးရွာ ရောက် တော့မှာပါဟုဆိုသည်။ ဆားဖိုစုဆိပ် ကမ်းတံတားတွင် ဆီးကြိုသူများကို တွေ့ရသည်။

မြို့နယ်ဆားလုပ်ငန်းရှင် အသင်း ဥက္ကဋ္ဌ ဦးတင်ဝင်းက ခရီးရောက် မဆိုက် နှုတ်ဆက်စကားပြောကြားရာ စာရေးသူက "ဦးတင်ဝင်းရေ၊ ကျွန် တော်တို့ အခုလာရတဲ့ ကိစ္စကတော့ လပွတ္တာခရိုင်အတွင်း လေမုန်တိုင်း ဝင်ရောက်ပြီးနောက် နေလှန်းဆား ကွင်းများအခြေအနေ၊ လက်ရှိ ဆား ကွင်းများတွင် ပြန်လည်ထူထောင် တည်ဆောက်မှုလုပ်ငန်းများနဲ့ ယခု ဆားရာသီတွင် နေလှန်းဆား ထုတ် လုပ်မှုလုပ်ငန်းများကို သိချင်လို့၊ ကိုယ်တိုင်လဲမြင်တွေ့ချင်လို့၊ မေးမြန်း ချင်လို့လာခဲ့တာပါ။"

"ဆရာတို့ သတင်းအဖွဲ့ သိချင် တာတွေ အကုန်ပြောပြပါ့မယ်။ ဆား ကွင်းတွေလည်း လိုက်ပြပါ့မယ်။ ကဲ- ဆားကွင်းကို သွားကြရအောင်" ဟု ဦးလှသောင်းက နှိုးဆော်သဖြင့် သတင်း အဖွဲ့လည်း ဆားကွင်းသို့ လိုက်ပါခဲ့ သည်။ ကျယ်ပြောလှသည့် ဆားကွင်း ကြီးပင် တစ်မျှော်တစ်ခေါ် ကြည့်၍ပင် မဆုံးနိုင်။

စာရေးသူလည်း အချိန်ရရိုက် ဝါရင့်ဆားလုပ်ငန်းရှင် ဦးလှသောင်း နှင့် တွေ့ဆုံမေးမြန်းခဲ့သည်။ "ကျွန် တော်က အသက် ၇၀ ရှိပါပြီ။ ဆား လုပ်ငန်းလုပ်သက် နှစ် ၅၀ ထဲရောက် နေပါပြီ။ ဆားလုပ်ကွက်ဧက ၂၅၀ လုပ်ကိုင်ပါတယ်။ ဆရာတို့ အခုမြင် ရတဲ့ လုပ်ငန်းခွင်ဝင်နေတဲ့ နေလှန်း ဆားကွင်းက ကျွန်တော့်ဆားကွင်းပါ။ လေမုန်တိုင်းဒဏ်ကြောင့် ဆားလုပ် ငန်းခွင်တွေ တော်တော်ပျက်စီးသွား ပါတယ်။ ဒါပေမယ့် အချိန်တိုကာလ အတွင်း ပြန်လည်ရှန်းထနိုင်ခဲ့ပါတယ်။ ဒါကတော့ နိုင်ငံတော်ရဲ့ ကျေးဇူးပါ၊ နိုင်ငံတော်က ဆားလုပ် ငန်းရှင်တွေ လိုအပ်ချက်မှန်သမျှကို ကူညီပံ့ပိုး ဖြည့်ဆည်းပေးခဲ့လို့ပါ။ တစ်နည်းပြော ရရင် မိဘက သားသမီးအပေါ်ထားရှိ တာ မေတ္တာစေတနာမျိုးနဲ့ပေးဆပ်ပြီး ပံ့ပိုးကူညီ ထောက်ပံ့ပေးခဲ့တာပါ။

တွေ့ဆုံ

ထို့နောက် စာရေးသူက မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစိုးမြင့်လှိုင်အား ဆားကွင်းအတွင်း တွေ့ဆုံမေးမြန်းခဲ့ သည်။

"လပွတ္တာခရိုင်ကတော့ နေလှန်း ဆားထုတ်လုပ်မှုမှာ ဧရာဝတီတိုင်း ဂုဏ်ဆောင်ပါပဲ။ ဆားထုတ်လုပ်မှုက သတ်မှတ်ပိဿာချိန်ကျော်မှာ ကျိန်း သေပါတယ်။ ဘာကြောင့်လဲဆိုရင်

လုပ်ငန်း တွင်ကျယ်သော တစ်ဘီးတပ်ထွန်ဖြင့် ဆားလုပ်ကွက်အတွင်း ထယ်မွှေမြေညှိနေ သည်ကို ဤသို့တွေ့ရသည်။
(မြန်မာ့အလင်း)

နေလှန်းဆား တစ်ဧက ထွက်ရှိရမယ့် ပိဿာချိန်နဲ့လည်း ဒီနှစ်ပိုထွက်လိမ့် မယ်လို့ မျှော်မှန်းထားပါတယ်။ ဘာကြောင့်လဲဆိုရင် ဆားလုပ်ငန်းရှင် ကြီးတွေကို သာမက ငွေကြေးအင်အား နည်းပါးတဲ့ဆားလုပ်ငန်းလုပ်ကိုင်သူများ ကိုပါ နိုင်ငံတော်က ပံ့ပိုးကူညီခဲ့လို့ပါ။

အရင်းအနှီး

အခုတော့ ဆားလုပ်ငန်းရှင်အား လုံး ဝမ်းမြောက်ဝမ်းသာဖြစ်နေကြ ပါပြီ။ လုပ်ငန်းခွင်ကို တက်တက်ကြွ ကြွ အားမာန်အပြည့်နဲ့ ဝင်ရောက်လုပ် ကိုင်နေကြပါတယ်၊ နေလှန်းဆားလုပ် ငန်းက အဆင့်ဆင့်လုပ်ဆောင်ရပါ တယ်၊ ငွေအရင်းအနှီးကလည်းများ ပါတယ်၊ အလုပ်အပေါ် တန်ဖိုးထား ပြီး ကြိုးစားပမ်းစားလုပ်ကိုင်သူတွေ အတွက်တော့ အကျိုးအမြတ်ကလည်း များပါတယ်။

အခုဆိုရင် ကျွန်တော့်ဆားကွင်း မှာ ဆရာတို့သတင်းအဖွဲ့ မြင်ရတဲ့ အတိုင်းပါပဲ။ပထမလုပ်ငန်းစဉ်ဖြစ်တဲ့ ထွန်စက်ကြီးနဲ့ မြေသားထယ်မွှေမြေညှိ လုပ်ငန်းလုပ်နေကြပါတယ်။ ဒီဘက် က ဆားလုပ်သားတွေက ထွန်စက် ကြီးဆင်းမယ့် မြေသားလမ်းကို မြေဖို့ ပြုပြင်နေကြတာပါ။

ဒီမြင်ကွင်းတွေ ကြည့်တာနဲ့တင် ဆားလုပ်ငန်းရဲ့ အတွင်းသရုပ်ကို ခန့် မှန်းလို့ရပါပြီ။ ဆားထုတ်ရာသီမှာ လပွတ္တာခရိုင်တစ်ခုလုံးရဲ့ နေလှန်းဆား ထုတ်လုပ်မှုကတော့ အောင်မြင်စွာ အပြည့်အဝရရှိမှာ ဖြစ်ပါတယ်" ဟု အားရပါးရ ရှင်းလင်းပြောပြသည်။

ဆားလုပ်ငန်းရှင်များရဲ့ ကြီးကြပ်မှုနဲ့ နှီးကြားတက်ကြွနေတဲ့ ကျွမ်းကျင်ဆား လုပ်သားများက နေလှန်းဆားအပြည့် အဝထုတ်လုပ်ဖို့ ဆားကွင်းပြင်ဆင်လုပ် ကိုင်နေကြတာ တွေ့ရလို့ပါပဲ။ ဆား လုပ်သားတွေနေထိုင်ဖို့ အဆောက်အအုံ တွေလည်း ကျကျနနပြုပြင်ပေးနေပါ တယ်။ခရိုင်နဲ့မြို့နယ်အဖွဲ့တွေကလည်း နေလှန်းဆားလုပ်ငန်း ဖွံ့ဖြိုးတိုးတက် ဖို့ ဝိုင်းဝန်းကူညီ ပံ့ပိုးလျက်ရှိနေပါ တယ်" ဟု ရှင်းလင်းပြောပြသွား သည်။

အချိန်မှာ ညနေ ၃ နာရီခန့်ရှိပြီ ဖြစ်သည်။ ဆောင်းတွင်းနေပူချိန်မှာ မာန်မလျှော့သေး။ တရှိန်ရှိန် ပူပြင်း နေဆဲပင်။ဆားကွင်းမှ ပြန်အတက်တွင် ဘင်္ဂလားပင်လယ်အော်ဘက်မှ ဖြတ် သန်း တိုက်ခတ်လာသော လေနုအေး ကလေးများ၏ တိုးဝှေ့ကျီစယ်မှုကြောင့် အပူဒဏ်မှ သက်သာရာရရှိခဲ့သည်။

စာရေးသူတို့ သတင်းအဖွဲ့မှာ ဆင်ခြေရာဆားဖိုစုမှသည် ကွင်းယား ကျေးရွာသို့ ခရီးဆက်ကြသည်။ ကွင်း ယားကျေးရွာသည်လည်း နေလှန်းဆား လုပ်ငန်း၏ အဓိကအချက်အချာဒေသ တစ်ခုဖြစ်သည်။ ကွင်းယားကျေးရွာ ဆားလုပ်ငန်းရှင် ဒေါ်ကြင်သန်းနှင့်ဆား လုပ်သားများက သတင်းအဖွဲ့အား ဆိပ်ကမ်းတံတားမှ ဆီးကြိုနေကြ သည်။

ဒေါ်ကြင်သန်း၏ နေလှန်းဆား ကွင်းမှာ ၁၀၀၀သမဓိဧက ကျယ်ဝန်း သော ဆားကွင်းဖြစ်သည်။ နေလှန်း ဆားကွင်းအတွင်း ဆားလုပ်သားများ က လုပ်ငန်းခွင်ဝင်နေကြပြီးဖြစ်သည်။

သတင်းအဖွဲ့မှာ ဆားကွင်းအတွင်း ပင်လယ်ဆားနေ်ရည် သွင်းထားသော ရေသွင်းမြောင်းဘေး တစ်လျှောက် တာလမ်းမှနေပြီး လှည့်လည်ကြည့်ရှု လေ့လာမိသည်။ ကျယ်ဝန်းလှသော ဆားကွင်းကျယ်ကြီးမှာ သူ့အကွက်နှင့် သူ အဆင့်လိုက် ကွင်းကြမ်း၊ ရေလယ် ကွင်းနှင့် နောက်ဆုံးကွင်း စသည်ဖြင့် အကွက်ချသရုပ်ဖော်ထားသည်။ ကွင်း ကြမ်းတွင် ပထမဆင့်၊ ဒုတိယဆင့်၊ တတိယဆင့်ရှိပြီး ရေလယ်ကွင်းတွင် ပထမဆင့်၊ဒုတိယဆင့်၊ တတိယဆင့်

ကွင်းယားကျေးရွာမှ နေလှန်းဆားလုပ်ကွက်မှာလည်း ဤသို့တစ်မျှော်တစ်ခေါ်….
(မြန်မာ့အလင်း)

ဟူ၍ရှိသည်။ နောက်ဆုံးကွင်းတွင် ၂၅ ဒီဂရီရရှိပြီးမှသာလျှင် နေလှန်းဆား များ ရရှိပြီးဖြစ်သည်။

အကန့်လိုက်

ဆားကွင်းမှ ထွက်ရှိလာသော နေလှန်းဆားများကို အကန့်လိုက် ဆားပုံစု၍ ဆားသယ်ယာဉ်ဖြင့် သယ် ယူပြီး ဆားသိုလှောင်ရုံဘေးတွင်ပင်လယ် ရေစင်အောင် တစ်ညတာပုံထားပြီး နောက်နေ့ကျမှ ဆားသိုလှောင်ရုံထဲ ထည့်သွင်းပြီး ဖြန့်ဖြူးလိုသောနေရာ သို့ ဖြန့်ဖြူး၍ရပြီဖြစ်သည်။

နေလှန်းဆားကို အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာလတို့တွင် ဆား ကွင်းပြင်ကြပြီး ဇန်နဝါရီလကုန်တွင် နေလှန်းဆား စတင်ထုတ်လုပ်သော ဧပြီလကုန်အထိ နေလှန်းဆားထုတ် လုပ်နိုင်ကြသည်။

ထူးခြားသည့်မြင်ကွင်း

ထိုအချိန်တွင် ဒေါ်ကြင်သန်း၏ နေလှန်းဆားကွင်းအတွင်း စက်ဖြင့် ထယ်မွှေနေသောမြင်ကွင်းကို လှမ်း တွေ့လိုက်ရသည်။ ထူးခြားသည့် မြင် ကွင်းတစ်ကွက်မို့ မမြင်ဖူးသေးပါ။ ဆရာ…ကြည့်လှချည်လား၊ အဲဒါ ကျွဲနွားအစားထိုး တစ်ဘီးတပ်ထွန်နဲ့ ထယ်မွှေ၊ မြေညှိနေတာလေ။ ဒီစက်နဲ့ ထွန်ယက် ထယ်မွှေတာက ကျွဲနွားနဲ့ လုပ်တာထက်ပိုပြီး အလုပ်တွင်ကျယ် တယ်၊ အချိန်ကုန်သက်သာတယ်၊ တစ်နေ့ထယ်ချောနှစ်ဧကအထိ ပြီးစီး ပါတယ်" ဟု မြို့နယ်ဆားလုပ်ငန်းရှင် အသင်း အတွင်းရေးမှူး ဦးသိန်းဇော်ဦး က ဆားလုပ်ငန်းခွင်အတွင်း ရှင်းလင်း ပြောပြသည်။

"ကဲ- ဒါဆိုရင် ဦးသိန်းဇော်ဦး ရေ…လပွတ္တာတစ်ခရိုင်လုံးရဲ့ဆားထုတ် လုပ်မှုအကြောင်းလေးလည်း ပြောပြ ပါဦး" ဟု သတင်းအဖွဲ့က မေးမြန်းခဲ့ ရာဤသို့ပြန်လည်ဖြေကြားခဲ့ပါသည်။

"လပွတ္တာခရိုင်မှာ ဆားလုပ် ကွက်နယ်မြေကိုးခုရှိပါတယ်။ အဲဒါ တွေကတော့ မကျီးပင်၊ သင်္ကန်းကုန်း၊ သက်ကယ်သောင်၊ မဲခလဲ၊ ဆင်ခြေ ရာ၊ ပြင်စလူ၊ ရွှေသင်္ကန်းကြီး၊ ဆား ကျင်း၊ ကျောက်တန်းကြီးနဲ့ ကျောက် တန်းလေး တို့ပါဝင်ပါတယ်။ ဆား လုပ်သား ၇၇၁ ဦးတို့က နေလှန်းဆား လုပ်ကွက်ဧက ၂၇၂၇၉ဒသမ၆၈ဧက မှ ဆားတန်ချိန် သုံးသိန်းကျော် အနည်း ဆုံးထွက်ရှိမယ်လို့ မျှော်မှန်းထားပါ တယ်။ နေလှန်းဆားထုတ်လုပ်ပြီးတဲ့ ဇွန်၊ ဇူလိုင်၊ မိုးရာသီရောက်ပြီဆိုရင် လည်း ဆားကွင်းကြမ်း ပထမဆင့်၊ ဒုတိယဆင့်ကွင်းတွေမှာ ရေငန်ခံ စပါးမျိုး ပြန်စိုက်ပျိုးကြပါတယ်။

တစ်ဧက ၃၅တင်းမှ တင်း ၄၀ အထိ ထွက်ရှိပါတယ်။ ဆားကွင်းတွေက သိပ်အကျိုးပြုပါတယ်။ဝင်ငွေလည်း ရနေပါတယ်။

ဒါတင် ဘယ်ကဦးမလဲ ပင်လယ် ရေနဲ့အတူ ဆားကွင်းကြမ်း ပထမ ဆင့်၊ ဒုတိယဆင့်ထဲကို ပင်လယ် ပြင်ထဲက မျိုးဥပါတဲ့ ဥချမယ့် ကျား ပုစွန်တွေဟာ မိုးဦးကျမှာ ဆားကွင်း ထဲမှာ ပျော်ပျော်ပါးပါး ဥချကြပါ တယ်။ ဥပုစွန်နဲ့ သားပေါက်ပုစွန် လေးတွေ ပင်လယ်ထဲပြန်မဆင်းနိုင် အောင် တာပတ်ပေးရပါတယ်။ ဒါ ဟာလဲ သဘာဝရေငန်ပုစွန်မွေးမြူရေး လုပ်ငန်းတစ်ခုပါပဲ။ ဆားကွင်းကြမ်း တွေကဆားလုပ်ငန်းရှင်တွေကို အမြဲ တမ်းအကျိုးပြုနေပါတယ်၊ ဝင်ငွေ တိုးပွား အကျိုးများစေပါတယ်" ဟု အားပါးတရ ရှင်းပြသည်။

သတင်းအဖွဲ့လည်း ကွင်းယား ကျေးရွာ နေလှန်းဆားဒေသမှ ပဲ့ထောင်ရေယာဉ်ထွက်တော့ ညနေ ၅ နာရီရှိပြီ။ တစ်နေ့လုံးဒေါသမာန် ကြီးခဲ့သော နေပူရှိန်သည် ယခု တော့… အားမာန်ကို လျှော့ချစပြု နေပြီဖြစ်သည်။ ပင်လယ်ပြင်ထဲသို့ မေးတင်လျက် ငုပ်လျှိုးပြေးဝင်နေ သော ညနေဆည်းဆာ နေဝင်ချိန် အလှကို သက်ကယ်သောင်မြစ်ပြင် ကျယ်ထဲမှ တဝကြီး ခံစားကြည့်ရှုခဲ့ ရပါသည်။

စာရေးသူတို့ သတင်းအဖွဲ့မှာ ပဲ့ထောင်ရေယာဉ်ဖြင့် လပွတ္တာမြို့ သို့ အပြန်လမ်းတွင် ဘင်္ဂလားပင် လယ်အော်မှ ဖြတ်သန်းတိုက်ခတ် လာသော သန့်ရှင်းလတ်ဆတ်သည့် လေနုအေးများကို ရှူရှိုက်ရင်းအားအင် သစ်များ ပြည့်ဝလာသည့်နည်းတူ ကွင်းဆင်းလေ့လာခဲ့သော လပွတ္တာ ခရိုင် နေလှန်းဆားလုပ်ငန်းခွင်များ သည်လည်း မကြာမီရောက်ရှိလာ မည့် ဆားထုတ်ရာသီတွင် အားပြည့် အင်ပြည့်ဖြင့် အောင်မြင်စွာထုတ် လုပ်နိုင်တော့မည် ဖြစ်ပါကြောင်း ကွင်းဆင်းလေ့လာ ရေးသားဖော်ပြ လိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ရန်ကုန်တိုင်းအခြေခံပညာကျောင်းပေါင်းစုံ တိုက်ကွမ်ဒိုပြိုင်ပွဲ ဗိုလ်လုပွဲများကျင်းပ

ရန်ကုန် ဇန်နဝါရီ ၅

မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ်နှင့် အမှတ်(၃)အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ၂၀၀၈-၂၀၀၉ ခုနှစ် စတုတ္ထအကြိမ် ရန်ကုန်တိုင်း အခြေခံ ပညာကျောင်းပေါင်းစုံ တိုက်ကွမ်ဒို ပြိုင်ပွဲ ဗိုလ်လုပွဲများကို ဒီဇင်ဘာ ၂၇ ရက်က ရန်ကုန်မြို့ အောင်ဆန်းအား ကစားပြိုင်ဝင်းရှိ မိုးလုံလေလုံအား ကစားပြိုင်ပွဲရုံ၌ကျင်းပရာ မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးငွေးမြင့် နှင့် အမှုဆောင်များ၊ အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူ များနှင့် တိုက်ကွမ်ဒို အားကစား ဝါသနာရှင်များ တက်ရောက် ကြည့်ရှု အားပေးကြသည်။

ချီးမြှင့်

ဗိုလ်လုပွဲများအပြီးတွင် ဆုချီးမြှင့် ပွဲ အခမ်းအနားကိုကျင်းပရာ သက် တန်းနှင့် ပြိုင်ပွဲအမျိုးအစားအလိုက် တစ်ဦးချင်းပြိုင်ပွဲများ၌ အနိုင်ရရှိသူ များအား မြန်မာနိုင်ငံ တိုက်ကွမ်ဒို အဖွဲ့ချုပ် အမှုဆောင်များနှင့်အမှတ်(၃) အခြေခံပညာဦးစီးဌာနမှတာဝန်ရှိသူများ ကဆုများကိုပေးအပ်ချီးမြှင့်ကြသည်။

အမှတ်(၃) အခြေခံပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဗိုလ်မှူးထွန်းအေး အမျိုးသား၊အမျိုးသမီးစုပေါင်းတံခွန်စိုက်ဆုရရှိသွားသော အလက(၃) ရွှေပြည်သာမြို့နယ်အသင်းအား တံခွန်စိုက်ဆုကိုချီးမြှင့်စဉ်။
(အလက-၃၊ ရွှေပြည်သာမြို့နယ်အသင်း)

ဆွတ်ခူး

ပြိုင်ပွဲတွင် အကောင်းဆုံး တိုက် ကွမ်ဒိုအားကစားသမားဆုကို ချီးမြှင့် ရာ၌ မောင်သီဟကျော်(အထက-၄၊ သန်လျင်မြို့နယ်) နှင့် မမေယုဇင် (အထက၊ ယုဇန)တို့က ဆွတ်ခူးရရှိ သွားကြသည်။

တံခွန်စိုက်ဆု

ထို့နောက် အမှတ်(၃)အခြေခံ ပညာဦးစီးဌာန လက်ထောက်ညွှန် ကြားရေးမှူး ဗိုလ်မှူးထွန်းအေးက ရွှေတံဆိပ်ရှစ်ခု၊ ငွေတံဆိပ်ခြောက်ခု၊ ကြေးတံဆိပ်ငါးခုတို့ဖြင့် အမျိုးသား၊ အမျိုးသမီး စုပေါင်းတံခွန်စိုက်ဆု ရရှိသွားသောအလက(၃)ရွှေပြည်သာ မြို့နယ်အသင်းအား ဆုပေးအပ်ချီးမြှင့် လိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၁၉၆၄-၁၉၆၅ စီးပွားရေးတက္ကသိုလ်နှင့် ရန်ကုန်တက္ကသိုလ် အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၅

ရန်ကုန်တက္ကသိုလ်၏ ၁၉၆၄-၁၉၆၅ ခုနှစ်နှင့် စီးပွားရေးတက္ကသိုလ်၏ ၁၉၆၆ခုနှစ် ဘွဲ့နှင်းသဘင်တို့တွင် ဝါဏိဇ္ဇဘွဲ့ရရှိသူများ၊ ရန်ကုန်ဝိဇ္ဇာ၊ သိပ္ပံ တက္ကသိုလ်၏ စီးပွားရေးဝိဇ္ဇာဘွဲ့ရ တပည့်ဟောင်းများက အနန္တဂိုဏ်းဝင် ကျေးဇူးရှင်ဆရာကြီး ဆရာမကြီးများအား ဂါရဝတရားဖြင့် ပူဇော်ကန်တော့ပွဲကို (၁၃၇၀ပြည့်နှစ် ပြာသိုလပြည့်) ဇန်နဝါရီ ၁၀ရက် (စနေနေ့) နံနက် ၈နာရီခွဲတွင် အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန(I.B.C) ခြောက်မိုင်ခွဲ ပြည်လမ်း ရန်ကုန်၌ ကျင်းပမည်ဖြစ်ရာ ဦးမောင်မောင်ထိပ် ဖုန်း-၅၄၉၃၆၅(အိမ်)၊ ဦးသောင်းတင် ဖုန်း-၅၇၀၉၇၄(အိမ်)၊ ဦးဇော်သိမ်း ဖုန်း-၅၄၄၁၉၅(အိမ်)၊ ဒေါ်ခင်ထားရီ ဖုန်း-၃၇၄၁၂၆(အိမ်)နှင့်ဒေါ်ခင်ငွေးမြင့် (Hilda) ၆၄၃၀၅၆ (အိမ်)တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။

(မြန်မာ့အလင်း)

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့

ကမ္ဘာ့နိုင်ငံအကြီးအကဲများ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၅

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့လည်းကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံသို့လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံသို့လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံသို့လည်းကောင်း ကမ္ဘာ့နိုင်ငံများမှ နိုင်ငံအကြီးအကဲများနှင့် ဝန်ကြီးချုပ်များ၊ နိုင်ငံခြားရေးဝန်ကြီးများက လွတ်လပ်ရေးနေ့သဝဏ်လွှာများ ပေးပို့ကြသည်။

ပါကစ္စတန်အစ္စလမ္မစ် သမ္မတနိုင်ငံ

၂၀၀၉ခုနှစ် ဇန်နဝါရီ၄ရက်၌ ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့ ပါကစ္စတန်အစ္စလမ္မစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အဆစ်ဖ်အလီဇာဒါရီက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယ၌ အဆွေတော်နှင့်တကွ မြန်မာပြည်သူပြည်သားများအား ဝမ်းမြောက်ဝမ်းသာ ဆုမွန်ကောင်းများ တောင်းပါကြောင်း၊ မြန်မာနှင့် ပါကစ္စတန် နိုင်ငံတို့သည် အနာဂတ်ကာလတွင်လည်း အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားမည် ဖြစ်ပါကြောင်း၊ အဆွေတော် ကျန်းမာချမ်းသာစေရန် ဆုမွန်ကောင်း တောင်းပါကြောင်း ဖော်ပြပါရှိသည်။

ထို့အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်ထံသို့ ပါကစ္စတန် အစ္စလမ္မစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဆေးရတ်ယူဆွပ်ရာဇာဂီလာနီထံမှ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့ရာတွင် မြန်မာနှင့် ပါကစ္စတန် နှစ်နိုင်ငံအကြား ရင်းနှီးမှု၊ အပြန်အလှန် ဆက်ဆံရေး တိုးတက်ကောင်းမွန်မှုများ ရှိနေပါကြောင်း၊ အဆွေတော်နှင့်တကွ မြန်မာပြည်သူများ ကျန်းမာချမ်းသာကြစေရန် ဆုမွန်ကောင်းများ တောင်းပါကြောင်း ဖော်ပြပါရှိသည်။

သီရိလင်္ကာဒီမိုကရက်တစ် သမ္မတနိုင်ငံ

၂၀၀၉ခုနှစ် ဇန်နဝါရီ၄ရက်တွင် ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့ သီရိလင်္ကာဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာမဟင်ဒါရာဂျာပက်ခ်ဆာထံမှ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် သီရိလင်္ကာဒီမိုကရက်တစ်သမ္မတနိုင်ငံ အစိုးရအနေဖြင့်လည်းကောင်း၊ မိမိအနေဖြင့် လည်းကောင်း ဂုဏ်ယူဝမ်းမြောက်စွာ သဝဏ်လွှာပါးအပ်ပါကြောင်း၊ သီရိလင်္ကာနှင့် မြန်မာဆက်ဆံရေးသည် ကာလကြာရှည်စွာဖြင့် ချစ်ကြည်ရင်းနှီးလျက်ရှိပါကြောင်း ဖော်ပြပါရှိသည်။

အလားတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်ထံသို့ သီရိလင်္ကာဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ရတနာသီရိဝစ်ခရမ်မာနာရာကာက သဝဏ်လွှာပေးပို့ရာတွင် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုခိုင်မာစေရန် အတူတကွ လက်တွဲကြိုးပမ်းသွားမည် ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

ထို့အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံသို့လည်း သီရိလင်္ကာဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီး မစ္စတာရိုဟီသာဘိုဂိုလာဂါမာက သဝဏ်လွှာပေးပို့သည်။

တူရကီသမ္မတနိုင်ငံ

၂၀၀၉ခုနှစ် ဇန်နဝါရီ ၄ရက်၌ ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့ တူရကီသမ္မတနိုင်ငံသမ္မတ မစ္စတာအဗ္ဗဒူလာဂူး(လ်)ထံမှ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် တူရကီသမ္မတနိုင်ငံအစိုးရအနေဖြင့် လည်းကောင်း၊ မိမိအနေဖြင့် လည်းကောင်း ဂုဏ်ယူဝမ်းမြောက်စွာ သဝဏ်လွှာပါးအပ်ပါကြောင်း၊ တူရကီ-မြန်မာဆက်ဆံရေးသည် ကာလကြာရှည်စွာဖြင့် ချစ်ကြည်ရင်းနှီးလျက်ရှိပါကြောင်း ဖော်ပြပါရှိသည်။

အလားတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်ထံသို့ တူရကီသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာရီဆက်တေယစ်အာဒိုဂန်က သဝဏ်လွှာပေးပို့ရာတွင် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုခိုင်မာစေရန် အတူတကွလက်တွဲကြိုးပမ်းသွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

ထို့အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံသို့ တူရကီသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာအလီဘာဘာကန်က သဝဏ်လွှာ ပေးပို့ခဲ့သည်။

စင်ကာပူသမ္မတနိုင်ငံ

၂၀၀၉ခုနှစ် ဇန်နဝါရီ၄ရက်၌ ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့ စင်ကာပူသမ္မတနိုင်ငံ သမ္မတ အက်စ်အာနာသန်ထံမှ လွတ်လပ်ရေးနေ့ သဝဏ်လွှာ ပေးပို့သည်။

အဆိုပါ သဝဏ်လွှာ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် စင်ကာပူသမ္မတနိုင်ငံ အစိုးရအနေဖြင့်လည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း ဂုဏ်ယူဝမ်းမြောက်စွာ သဝဏ်လွှာပါးအပ်ပါကြောင်း၊ စင်ကာပူ-မြန်မာဆက်ဆံရေးသည် ကာလကြာရှည်စွာဖြင့် ချစ်ကြည်ရင်းနှီးလျက်ရှိပါကြောင်း ဖော်ပြပါရှိသည်။

ထို့အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်ထံသို့ စင်ကာပူ သမ္မတနိုင်ငံ ဝန်ကြီးချုပ်လီရှန်လွန်းက သဝဏ်လွှာ ပေးပို့ရာတွင် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုခိုင်မာစေရန် အတူတကွ လက်တွဲကြိုးပမ်းသွားမည် ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

အလားတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံသို့လည်း စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဂျော့ယိုးက သဝဏ်လွှာပေးပို့သည်။

ကိုရီးယားသမ္မတနိုင်ငံ

၂၀၀၉ခုနှစ် ဇန်နဝါရီ၄ရက်၌ ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့ ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ အီမြောင်ဘတ်ထံမှ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ကိုရီးယားသမ္မတနိုင်ငံ အစိုးရအနေဖြင့် လည်းကောင်း၊ မိမိအနေဖြင့် လည်းကောင်း ဂုဏ်ယူဝမ်းမြောက်စွာ သဝဏ်လွှာပါးအပ်ပါကြောင်း၊ ကိုရီးယားသမ္မတနိုင်ငံနှင့် မြန်မာဆက်ဆံရေးသည် ကာလကြာရှည်စွာဖြင့် ချစ်ကြည်ရင်းနှီးလျက်ရှိပါကြောင်း ဖော်ပြပါရှိသည်။

ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ

၂၀၀၉ခုနှစ် ဇန်နဝါရီ၄ရက်၌ ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ သမ္မတ မစ္စတာဟော့စ်ခိုလာထံမှ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ အစိုးရအနေဖြင့်လည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း ဂုဏ်ယူဝမ်းမြောက်စွာ သဝဏ်လွှာပါးအပ်ပါကြောင်း၊ ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ ဆက်ဆံရေးသည် ကာလကြာရှည်စွာဖြင့် ချစ်ကြည်ရင်းနှီးလျက် ရှိပါကြောင်း ဖော်ပြပါရှိသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ

၂၀၀၉ခုနှစ် ဇန်နဝါရီ၄ရက်၌ ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာဒီမီထရီမက်ဗီဒက်ထံမှ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အစိုးရအနေဖြင့်လည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း ဂုဏ်ယူဝမ်းမြောက်စွာ သဝဏ်လွှာပါး အပ်ပါကြောင်း၊ ရုရှား-မြန်မာဆက်ဆံရေးသည် ကာလကြာရှည်စွာဖြင့် ချစ်ကြည်ရင်းနှီးလျက်ရှိပါကြောင်း ဖော်ပြပါရှိသည်။

ထို့အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဗလာဒီမာဗ္ဗီပူတင်က သဝဏ်လွှာပေးပို့ရာတွင် နှစ်နိုင်ငံဆက်ဆံရေးပိုမိုခိုင်မာစေရန် အတူတကွ လက်တွဲကြိုးပမ်းသွားမည် ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

အလားတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံသို့လည်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဆာဂျီဗ္ဗီလာရော့ဗ်က သဝဏ်လွှာ ပေးပို့သည်။ ။

(ဆက်လက်ဖော်ပြပါမည်)

ဇန်နဝါရီ၄ရက်က (၆၁)နှစ်မြောက်လွတ်လပ်ရေးနေ့ အခမ်းအနားကို တာမွေမြို့နယ်၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သောသဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်မောင်ဝင်းက ဖတ်ကြားစဉ်။ (၁၇၁)

ဇန်နဝါရီ၄ရက်က (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို တောင်ဥက္ကလာပမြို့နယ်၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သောသဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်စိန်က ဖတ်ကြားစဉ်။ (၁၁၉)

ဇန်နဝါရီ ၄ရက်က (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို အင်းစိန်မြို့နယ် အထက(၁)၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သောသဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေက ဖတ်ကြားစဉ်။ (ခရိုင် ပြန်/ဆက်)

ဇန်နဝါရီ ၄ရက်က (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဆိပ်ကမ်းမြို့နယ်၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သောသဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဇော်က ဖတ်ကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

ဇန်နဝါရီ ၄ရက်က (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို သာကေတမြို့နယ်၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမြင့်သန်းက ဖတ်ကြားစဉ်။ (၁၁၆)

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အလံတင်အခမ်းအနား ရခိုင်ပြည်နယ် စစ်တွေမြို့ ဝေသာလီရင်ပြင်တွင် ကျင်းပ

စစ်တွေ ဇန်နဝါရီ ၅

၂၀၀၉ခုနှစ် (၆၁) နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကို ဇန်နဝါရီ ၄ရက် နံနက်က ရခိုင်ပြည်နယ် စစ်တွေမြို့ ဝေသာလီရင်ပြင် အားကစားကွင်း၌ ကျင်းပခဲ့ရာ အခမ်းအနားသို့ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး တက်ရောက်ခဲ့သည်။

အလေးပြု

ရှေးဦးစွာ၂၀၀၉ခုနှစ် (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနား စစ်ရေးပြမှူးကြီး ဒုတိယဗိုလ်မှူးကြီးကျော်သန်းက စစ်ရေးပြအစီအစဉ်အတိုင်း ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးအား အလေးပြုခြင်း၊ နိုင်ငံတော် အလံအား အလေးပြုခြင်း၊ ကျဆုံးလေပြီးသော တပ်မတော်သားအပေါင်းအား အလေးပြုခြင်းနှင့် သစ္စာဓိဋ္ဌာန် လေးချက်တို့ကို ရွတ်ဆိုကြသည်။

သဝဏ်လွှာဖတ်ကြား

ယင်းနောက်တိုင်းမှူးက ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၀၉ခုနှစ် (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားသည်။ **(အပေါ်ဝဲပုံ)**

ဆုချီးမြှင့်

ထို့နောက် တိုင်းမှူးသည် ၂၀၀၉ခုနှစ် (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အမျိုးသား အမျိုးသမီး လွန်ဆွဲပြိုင်ပွဲ၊ အမျိုးသား ကုန်းလျှေပြိုင်ပွဲများအား ကြည့်ရှုအားပေးပြီး အားကစားပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

(၁၁၃)

ဘိုကလေး အထက(၁) မြတ်ဆရာ ပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၅

ဧရာဝတီတိုင်း ဘိုကလေးမြို့ အထက(၁) အဌမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို အောင်ဆန်းခန်းမ၌ ဇန်နဝါရီ ၁၇ရက် (စနေနေ့)တွင် ကျင်းပမည်ဖြစ်ရာ မပျက်မကွက် လာရောက် ပူဇော်ကန်တော့ကြပါရန်နှင့် ဤကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့ပြီး အသက်(၆၀)ပြည့် ဆရာကြီး ဆရာမကြီးများ ဖိတ်စာမရောက်သော်လည်း ဆက်ဆက် လာရောက်ကန်တော့ခံပါရန်နှင့် အလှူငွေထည့်လိုပါက ဦးအုန်းမောင် ဘိုကလေးအသင်းတွဲဖက်အတွင်းရေးမှူး ဖုန်း-၀၁-၂၁၂၅၀၈၊ ဦးကျော်မြင့် ဖုန်း-၀၉-၉၉-၇၃၉၆၄၊ ဦးတင်အောင် ဖုန်း-၀၁-၂၉၆၁၇၇၊ ဦးလှသန်းဦး ဖုန်း-၀၄၅-၄၅၃၉၅၊ ၀၉-၈၅-၉၅၁၁၉နှင့် ဦးတင်မောင်ပြုံး ဖုန်း-၀၄၅-၄၅၂၂၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

သစ်ခွနက်

● *ကျော့ဖုံးမှ*

ခါကာဘိုရာဇီတောင်သို့ တက်ရာလမ်းတွင် ရှိသည်။ တောင်ခြေမှ အမြင့်ပေ ၃၀၀၀ ခန့်ရှိ နမ့်တီးစခန်းမှ အမြင့်ပေ ၃၀၀၀ ကျော်တွင် တည်ရှိပြီး လမ်းခရီးတစ်လျှောက် တောနက်သည်။ သစ်ကြီးဝါးကြီးပေါများသည်။ ထူးခြားပြီး ရှားပါးသော တောရိုင်းတိရစ္ဆာန်များကို လမ်းဘေးတစ်လျှောက် မြင်တွေ့ရသည်။



သစ်ခွနက် အပွင့် တစ်ပွင့်ကို အနီးကပ် မြင်တွေ့ရစဉ်။

(မြန်မာ့အလင်း)

ထူးခြား

ခွိုင်ငွန်းတောင်၏ ထူးခြားချက်မှာ ကမ္ဘာပေါ်တွင် အလွန်ရှားပါးသော အာသာဝတီ နတ်ပန်းဟု တင်စားခေါ်ဆိုရမည့် သစ်ခွနက်များရှိခြင်းပင်ဖြစ်သည်။ ကမ္ဘာ့နိုင်ငံများအနက် မြန်မာနိုင်ငံ၌သာ ရှိသည်ဟု ဆိုလျှင်ရသည့် ရှားပါးသစ်ခွမျိုးပင်ဖြစ်သည်။ ခွိုင်ငွန်းတောင်၌လည်း သစ်ခွနက် ရှိခြင်းမှာ ပေါပေါများများမဟုတ်၊ အနည်းအကျဉ်းမျှသာဖြစ်သည်။

နမ့်တီးစခန်း

သစ်ခွနက်များ ပေါက်ရာနေရာမှာလည်း ခွိုင်ငွန်းတောင်ထိပ်ပိုင်းတွင်ဖြစ်ရာ မြေပြင်မှ အမြင့်ပေ ၃၀၀၀ ခန့်တွင်ရှိသော နမ့်တီးစခန်းဟုခေါ်သည့် အိမ်ခြေ ၁၀ အိမ်ခန့်သာရှိသည့် ရွာမှ စတက်ရသည်။

ခက်ခဲကြမ်းတမ်း

ခွိုင်ငွန်းတောင်ကြီးကို ပတ်ပြီး ဖောက်လုပ်ထားသော လမ်းအဖြစ်ဟုသာ သတ်မှတ်ရမည့် တောင်တက်လမ်းအတိုင်း တက်ရသည်။ မိုးရာသီ၌ တောင်ကျရေများ တိုက်စားမှု၊ တောင်များပြိုကျမှုနှင့် ပြုပြင်ထိန်းသိမ်းမှုလည်း လက်လှမ်းမမီသဖြင့် တောင်တက်လမ်းကား ခက်ခဲကြမ်းတမ်းသည်။

တောနက်ပြီး သစ်ပင်ကြီးများ တောင်တက်လမ်းဘေးဝဲယာ၌ အစီအရီ ပေါက်ရောက်နေသည်မှာ တိတ်ဆိတ်သော တောတောင်အလယ်၌ စိတ်ချောက်ချားဖွယ် ဖြစ်သည်။ တောင်အမြင့်ပိုင်းရောက်လေ မြင့်မားပြီး ဖြောင့်တန်းသော သစ်ပင်များကို ပိုမိုတွေ့ရလေ ဖြစ်သည်။

အဖြူရောင်သစ်ခွ

အချို့သော သစ်ပင်ကြီးများပေါ်၌ အဖြူရောင်သစ်ခွပန်းများကို လှမ်းမြင်ရသည်။ ပင်မြင့်အထက်၌ ဝေဆာစွာ ဖူးပွင့်နေသော သစ်ခွဖြူများကို အနီးကပ် မလှေလာနိုင်သဖြင့် မည်သည့် သစ်ခွမျိုးစိတ်ဖြစ်သည်ကို ဆုံးဖြတ်ရန် ခက်ခဲလေသည်။

တောင်တက်လမ်း တစ်လျှောက် ဖြည်းဖြည်းချင်းတက်ခဲ့ရာ နံနက် ၁၁နာရီခန့်၌ ခွိုင်ငွန်းတောင်ထိပ်သို့ ရောက်ရှိလေသည်။ တောင်ထိပ်မှ ပတ်ဝန်းကျင်ကို ကြည့်ရှုလိုက်ရာ မလိခမြစ်ဖျားခံရာ မလိခူးရှိ ရေခဲများ ဖုံးလွှမ်းနေသော တောင်တန်းကို လှမ်းမြင်ရသလို မေခမြစ်အဖျားပိုင်း နမ်တမိုင်မြစ်တစ်လျှောက် တောင်တန်းများကိုလည်း မြင်တွေ့ရသည်။ ခွိုင်ငွန်းတောင်ကို ဒေသခံတိုင်းရင်းသားများက **''ဘာဘူလုံထန်''**ဟု ခေါ်ဆိုကြသည်။

သစ်ခွနက်

ခွိုင်ငွန်းတောင်ထိပ်ပေါ်နှင့် အနီးဝန်းကျင်တွင် မြေကပ်သစ်ခွဟုလည်း ခေါ်သည့် သစ်ခွနက်ကို ရှာကြည့်ရာ မတွေ့ရချေ။ အဆင်းလမ်းအတိုင်း ဖြည်းဖြည်းဆင်းပြီး အနီးဝန်းကျင်၌ ရှာဖွေသော်လည်း ''မဆာဘူး''ဟု ခေါ်သော စခန်းသို့ ရောက်သည့်တိုင် သစ်ခွနက် အရိပ်အရောင် မတွေ့ရ။

ထို့နောက် တောတွင်းသို့ ဝင်ပြီး ဆက်လက်ရှာဖွေရာ ကျောက်ဆောင်၊ ကျောက်ဂူများနှင့် ကျောက်တောင်နံရံများကိုတွေ့ရသည်။ ကျောက်ဆောင်၊ ကျောက်တောင်နံရံများအတွင်း လှည့်လည်ရှာဖွေရာမှ ကျောက်ကမ်းပါးယံတစ်ခု၌ ပေါက်နေသော သစ်ခွနက်များကို ရုတ်တရက် တွေ့လိုက်ကြရသည်။

သပ်ရပ်လှပစွာ

သစ်ခွနက်ကား စင်စစ်အနက်ရောင် မရှိချေ။ အစိမ်းရောင်နှင့် ခရမ်းရောင်တို့ ရောစပ်တွေ့မြင်ရပြီး ပွင့်ဖတ်များပေါ်၌ ခရမ်းနုရောင်လွှမ်းကာ အဖြူရောင်နှင့် အစိမ်းရောင်လေးများကလည်း သပ်ရပ်လှပစွာ သဘာဝအတိုင်းဖြစ်ပေါ်နေသည်။ ပန်းပွင့်ပုံသဏ္ဌာန်မှာ အမျိုးသမီးများ၏ ဒေါက်မြင့်ဖိနပ်ပုံစံနှင့် ဆင်တူလေသည်။

ဖော်ပြထား

မြန်မာ ရုက္ခဗေဒပညာရှင်များက သစ်ခွနက်ဟု ခေါ်ဆိုသတ်မှတ်ထားသော်လည်း ကမ္ဘာ့ပန်းဂန္ထဝင်၌မူ ပါဖီယိုပီဒီလမ်းဝါဒီ သို့မဟုတ် ဆင်ပရီပီဒီယမ်ဝါဒီယာနမ်ဟု ဖော်ပြထားကြောင်း သိရသည်။

မည်သို့ပင်ဖြစ်စေ မြန်မာ့မြေပေါ်၌ ကမ္ဘာ့အရှားပါးဆုံး သစ်ခွနက် ပေါက်ရောက်နေခြင်းမှာ မြန်မာနိုင်ငံအတွက် သဘာဝကပေးထားသော လက်ဆောင်တစ်ခု ဖြစ်သည်။ သစ်ခွနက်တည်ရှိရာ ကချင်ပြည်နယ် မြောက်ဖျား၊ ပူတာအိုမြို့ အရှေ့မြောက်ဘက် မလိခနှင့် နမ့်တိဆမ်မြစ်များ၏ ရေဝေတောင်တန်းပေါ်ရှိ ခွိုင်ငွန်းတောင်အရောက် ကမ္ဘာလှည့်ခရီးသည်များကို စီစဉ်ပို့ဆောင် ပေးနိုင်ခဲ့ပါလျှင်မူ....။ ။ **(မြန်မာ့အလင်း)**

ထူးခြားလှပသောသစ်ခွနက်များပွင့်လန်းဝေဆာ

တောင်ကမ်းပါးယံ၌ သစ်ခွနက်များ ပွင့်လန်းဝေဆာနေသည်ကို ဤသို့ ထူးခြားလှပစွာ တွေ့ရသည်။ (မြန်မာ့အလင်း)

မြန်မာ့အလင်း သတင်းပဒေသာ အတိုအထွာ

ရန်ကုန် ဇန်နဝါရီ ၅

စာကြည့်တိုက်များအတွက် စာအုပ်များလှူဒါန်းမည်

မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များအတွက် Myanmar Book Aid Foundation အဖွဲ့က ကြီးမှူးပြီး နိုင်ငံတကာစာကြည့်တိုက်များ၊ စာအုပ်ထုတ်ဝေရေးလုပ်ငန်းများမှ ဘာသာရပ်ဆိုင်ရာ စာအုပ်များနှင့် ကလေးငယ်များအတွက် စာအုပ်များကို ဇန်နဝါရီမှစ၍ ဖြန့်ဝေလှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

စီးပွားရေးစီမံခန့်ခွဲမှုသင်တန်း တက်ရောက်နိုင်

စီးပွားရေးပညာရှင်များဖြင့် ဖွဲ့စည်းထားသည့် Myanmar Business Executives Group က စီးပွားရေးစီမံခန့်ခွဲမှုသင်တန်းကို ဇန်နဝါရီ ၁၇ရက်တွင် ဖွင့်လှစ်မည်ဖြစ်ရာ စိတ်ဝင်စားသူများ ဖုန်း-၅၃၈၅၃၁သို့ ဆက်သွယ် တက်ရောက်နိုင်သည်။

စက်ချုပ်သင်တန်းဖွင့်မည်

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများ လူနေမှုဘဝ မြှင့်တင်ရေးလုပ်ငန်းအဖွဲ့က ကြီးမှူးပြီး အခြေခံအမျိုးသမီးဝတ်စုံ စက်ချုပ်သင်တန်း အမှတ်စဉ် (၁/၂၀၀၈)ကို ဇန်နဝါရီ ၁၉ရက်တွင် ဖွင့်လှစ်မည်ဖြစ်ရာ သင်တန်းလျှောက်လွှာများကို အောင်ဆန်းအားကစားပြိုင်ဝင်း အနောက်ဘက်တန်း မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်ရုံးတွင် ရယူလျှောက်ထားနိုင်သည်။

ကွဲကွာခဲ့ရသူ ၄၀၀ ခန့်နှင့် ပြန်လည်ဆက်သွယ်ပေး

မြန်မာနိုင်ငံတွင် ၂၀၀၈ ခုနှစ် မေလအတွင်း တိုက်ခတ်ခဲ့သော မုန်တိုင်းကြောင့် မိသားစုနှင့် ကွဲကွာခဲ့ရသူ ၄၀၀ ခန့်ကို ဒီဇင်ဘာ ၂၆ရက်အထိ မြန်မာနိုင်ငံကြက်ခြေနီအသင်းက နေပြည်တော် မြန်မာ့အသံမှတစ်ဆင့် ပြန်လည်ဆက်သွယ်ပေးနိုင်ခဲ့သည်။ အဆိုပါ အသံလွှင့်အစီအစဉ်ကို နေ့စဉ် ည၉နာရီ သတင်းအပြီးတွင် ပုံမှန်ထုတ်လွှင့်ပေးကြောင်း သိရသည်။

လေဘေးရန်ပုံငွေဇာတ်ကား ရုံတင်ပြသမည်

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ရန်ပုံငွေရှာဖွေရေးအဖွဲ့က ကြီးမှူးပြီး ဧရာဝတီတိုင်း လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းရန် ကောလာဟာလအမည်ရှိ ဒီဗွီဒီဇာတ်ကားကို ရုံတင်ပြသမည်ဖြစ်ရာ ဇန်နဝါရီ ၉ရက်တွင် နဝဒေး၊ မဟာမြိုင်၊ ဝဇီရာ(၂)ရုပ်ရှင်ရုံများ၌ ရုံတင်မည်ဖြစ်သည်။ အဆိုပါဇာတ်ကားကို ဒါရိုက်တာ မောင်သီ ရိုက်ကူးပြီး ကျော်ရဲအောင်၊ စိုးမြတ်သူဇာနှင့် အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြသည်။

အမျိုးသမီးထုတ်ဝေသူများ စာအုပ်ရောင်းပွဲ

အမျိုးသမီးထုတ်ဝေသူများ၏ စတုတ္ထအကြိမ်မြောက် စာအုပ်ဈေးရောင်းပွဲတော်ကို ယခုနှစ် မတ် ၂၇ရက်မှ ဧပြီ ၁ရက်အထိ ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ လောကနတ်ပန်းချီပြခန်း၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဆေးနှင့်ဆေးပစ္စည်း ကိုယ်စားလှယ်များ ဆွေးနွေးမည်

မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးပွဲကို (၅၅)ကြိမ်မြောက် ဆရာဝန်ညီလာခံဖြစ်မြောက်ရေးကော်မတီက ကြီးမှူးပြီး ဇန်နဝါရီ ၈ရက် မွန်းလွဲ၂နာရီတွင် မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်း အမှတ် ၂၄၉ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(အေ)၌ ဆွေးနွေးမည်ဖြစ်သည်။

(မြန်မာ့အလင်း)

စုစည်းရေးသားသူ - ဝင်းကျော်

မြန်မာ့ရုပ်မြင်သံကြား

၆-၁-၂၀၀၉ ရက်
(အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	အတီးပြိုင်ပွဲ
၇း၅၀	၅။	သံသာချိုအေးမင်္ဂလာတေး
၈း၀၀	၆။	**ကျန်းမာသန်ထွားဉာဏ်မြင့်မား** မင်းရာဇာ၊ မျိုးစန္ဒီကျော်၊ တက္ကသိုလ် ဌမ်းပုံ (ဒါရိုက်တာ-ခင်ဇော်၊ ကုမုဒြာ)
၈း၁၅	၇။	နှောင်းခေတ်တေးပဒေသာ
၈း၃၀	၈။	International News
၈း၄၀	၉။	အဆိုပြိုင်ပွဲ
၈း၅၀	၁၀။	ပန်းလှိုင်တံတား

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး စစ်သည်တေး
၄း၁၀	၂။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၄း၂၀	၃။	တေးဂီတအစီအစဉ်
၄း၃၀	၄။	**မနိုင်သောအရှုံး** ဟက်ကက်၊ ဇင်ရဲထက်၊ ခိုင်သင်းကြည်၊ အရိုင်း၊ ဖိုးဖြူ၊ ကင်းကောင် (ဒါရိုက်တာ-အေဝမ်းမောင်လှမျိုး)
၄း၄၅	၅။	ကြေးမုံရိပ်သွင်တေးနှုယဉ်
၅း၀၀	၆။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၅း၁၅	၇။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၃၀	၈။	နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၅း၄၅	၉။	တေးဂီတအစီအစဉ်
၆း၀၀	၁၀။	ညနေခင်းသတင်း
၆း၃၀	၁၁။	မိုးလေဝသအခြေအနေ
၆း၃၅	၁၂။	ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆း၅၅	၁၃။	ဆိုလိုက်ကြစို့
၇း၁၅	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **နွဲ့ဆိုးဆိုးသူကိုယ့်ချစ်သူ**(အပိုင်း-၁)
၈း၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	နိုင်ငံခြားဇာတ်လမ်းတွဲ **မြင့်မြတ်နှလုံးသားပိုင်ရှင်** (အပိုင်း-၁၆)

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဟံသာရိပ်မွန်အိမ်ရာနေ
ဦးစိုးမောင် [လက်ထောက်အင်ဂျင်နီယာ-မြို့ပြ၊ လမ်းအထူးအဖွဲ့(၂) ပြည်မြို့]-ဒေါ်ခင်ရှိန်တို့၏သားလတ်

မောင်ကျော်ကျော်ထိုက်

B.E (Electrical) YTU, Myanmar
M.Sc(Computer Control and Automation) NTU, Singapore
Field Engineer (Schlumberger Logelco Inc., Myanmar)

နှင့်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြန်မာ့သစ်လုပ်ငန်း၊ အခြေစိုက်အလုပ်ရုံ၊ အရာရှိရိပ်သာနေ
ဦးတင်အောင်လင်း [မန်နေဂျာ(အင်ဂျင်နီယာ)အမှတ်(၆-ခ)သစ်စက်]-
ဒေါ်ယဉ်ယဉ်မြ [လက်ထောက်မန်နေဂျာ၊ ပင်မပစ္စည်းဌာနစိတ်]တို့၏သမီးကြီး

မရွှေစင်အောင်

B.E (Electronics)YTU,Myanmar
M.Sc(Computer Control and Automation)NTU, Singapore
Software Engineer(Willowglen Services Pte., Ltd., Singapore.)

တို့၏ ၁-၁-၂၀၀၉ ရက်တွင် လက်ထပ်မင်္ဂလာ မော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော တရားရုံးချုပ် ရန်ကုန်မှ တွဲဖက်ညွှန်ကြားရေးမှူး ဒေါ်သိန်းသိန်းညွန့်အားလည်းကောင်း၊ ၃-၁-၂၀၀၉ ရက်တွင် ရန်ကုန်မြို့ Sedona Hotel ၌ ကျင်းပသော မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ် ဆင်မြန်းချီးမြှင့်ပေးသော တွဲဖက်ပါမောက္ခ ဒေါက်တာဦးအောင်သိန်းထွန်း (မေ့ဆေးအထူးကု ဆရာဝန်ကြီး) နှင့် ဇနီးဒေါ်မာလေးနိုင်တို့အားလည်းကောင်း မင်္ဂလာညှော်ခံပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေး ဒေါ်ရီရီသန့်၊ The Aces တေးဂီတအဖွဲ့နှင့် တေးသံရှင်များ၊ မင်္ဂလာဝတ်စုံများချုပ်လုပ်ပေးပါသော ဒေါ်အေးဝင်း (အကယ်ဒမီဝင်း၊ ဗိုလ်ချုပ်ဈေး)၊ မှတ်တမ်းတင်ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးသော ဝဏ္ဏခွာနီးနှင့်အဖွဲ့၊ အလှပြင်ဆင်ပေးပါသော မိတ်ကပ်စိုးစိုးတို့ အားလည်းကောင်း မင်္ဂလာညှော်ခံပွဲ အခမ်းအနားဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေး ပါသော ကျေးဇူးတင်ထိုက်သူများအားလုံးကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်မိဘများနှင့်
မောင်ကျော်ကျော်ထိုက်-မရွှေစင်အောင်။

မွေးနေ့ဆုမွန်

၆-၁-၂၀၀၉ရက်တွင် ကျရောက်သော ဖေဖေ မေမေတို့ရဲ့ တစ်ဦးတည်းသော ချစ်သမီးလေး ခင်လပြည့်ဝန်း၏ (၆)နှစ်ပြည့်မွေးနေ့မှသည် အသက်ရှည်၍ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာစွာဖြင့် ထူးချွန်ထက်မြက်သော သမီးကောင်းရတနာလေးဖြစ်ပါစေလို့ ဆုမွန်ကောင်းတောင်းလျက် ....

နှစ်ဖက် - **ဘိုးဘိုး-ဘွားဘွား**
ဖေဖေ - **ဗိုလ်မှူးကောင်းညွန့်**
မေမေ - **ဒေါ်မိုးမိုးအောင်**
တီတီ - **ဝင်းနီအောင်၊ ခင်ထက်ထက်အောင်။**

(၂၅)နှစ်မြောက် ငွေရတုမင်္ဂလာဆုတောင်း

ချစ်ဖေဖေ ဦးဇော်မင်းဦး (မြန်မာရွှေသဖူကုမ္ပဏီ) ပွင့်ဖြူ-ပခုက္ကူ ရထားလမ်းစီမံကိန်းနှင့် ချစ်မေမေ ဒေါ်ဝေဝေ တို့၏၆-၁-၂၀၀၉ရက်တွင် ကျရောက်သော (၂၅)နှစ်မြောက် ငွေရတု မင်္ဂလာရက်မှသည် နောင်နှစ်ပေါင်းများစွာတိုင် စိတ်ချမ်းသာ ကိုယ်ကျန်းမာဖြင့် ဘဝလမ်းကို အတူတကွ လျှောက်လှမ်းနိုင်ပါစေ-

သမီးကြီး - **ဒေါက်တာဝင်းမော်ဖြိုး-**
ဒေါက်တာမေဇော်သက်
သားလတ် - **မောင်ထက်ဝေရန်**
Final Part I (IM-II)
သမီးငယ် - **မသက်မြတ်နိုးဝေ**
Grade-8 (B) Y.I.E.C
မြေးလေး - **မရှင်းသန့်ဝင်း။**

သစ်ပင်ကို
နှစ်စဉ်စိုက်
ရွှေတိုက်ကိုစိုး

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် သက်ငယ်တန်းတံခွန်စိုက် ရေကူးပြိုင်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၅

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနတို့မှ ကြီးမှူး၍ မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်နှင့် T.T.O Trading Co., Ltd. တို့မှ ပူးပေါင်းကျင်းပသည့် ၂၀၀၉ခုနှစ် ဒုတိယအကြိမ် Denk Pharma Cup အမျိုးသား၊ အမျိုးသမီးသက်ငယ်တန်း တံခွန်စိုက်ရေကူးပြိုင်ပွဲကို ယမန်နေ့နံနက်ပိုင်းမှစ၍ ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်၌ ကျင်းပသည်။

ပြိုင်ပွဲများအဖြစ် အသက်၁၄ နှစ်အောက်၊ ၁၂နှစ်အောက်၊ ၁၀နှစ်အောက်နှင့် ရှစ်နှစ်အောက် ပွဲစဉ် စုစုပေါင်း၅၉ပွဲကို ကျင်းပသည်။ ပြိုင်ပွဲကို အသက်၁၄နှစ်အောက်၌ အမျိုးသား၂၉ဦး၊ အမျိုးသမီး၁၇ဦး၊ ၁၂နှစ်အောက်၌ အမျိုးသား၂၂ဦး၊ အမျိုးသမီး၁၇ဦး၊ ၁၀နှစ်အောက်၌ အမျိုးသား ၁၇ဦး၊ အမျိုးသမီး၁၈ဦး၊ ရှစ်နှစ်အောက်၌ အမျိုးသားရှစ်ဦး၊ အမျိုးသမီး ၁၁ ဦး စုစုပေါင်း ၁၃၉ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲအပြီးတွင် ILBCအသင်းက ၃၄၄မှတ်ဖြင့် ပထမ၊ Hard Body အသင်းက ၂၃၈မှတ်ဖြင့် ဒုတိယ၊ ရန်ကုန်(က)အသင်းက ၂၀၅မှတ်ဖြင့် တတိယ၊ ကုက္ကိုင်းအသင်းက ၂၀၄မှတ်ဖြင့် စတုတ္ထ၊ ကန်တော်ကြီးအသင်းက ၁၅၂မှတ် ဖြင့် ပဉ္စမ၊ ရန်ကုန်(ခ)အသင်းက ၃၂ မှတ်ဖြင့် ဆဋ္ဌမ၊ မန္တလေးအသင်းက ၃၁မှတ်ဖြင့် သတ္တမတို့ ရရှိကြသည်။

ဆုချီးမြှင့်

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဆန်း၊ မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်မှ တွဲဖက် အတွင်းရေးမှူးများနှင့် အမှုဆောင်များ၊ T.T.O Trading Co.,Ltd. တို့မှ တာဝန်ရှိသူများက၁၄နှစ်အောက်၊ ၁၂နှစ်အောက်၊ ၁၀နှစ်အောက် မီတာ၁၀၀အလွတ်ကူး အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ ရှစ်နှစ်အောက် ၂၅ မီတာ အလွတ်ကူးပြိုင်ပွဲ၊ ၁၄နှစ်အောက် မီတာ ၂၀၀ တစ်ဦးချင်း လေးမျိုးကူးပြိုင်ပွဲ၊ မီတာ၅၀×၄ လွှန်းပြန်အလွတ်ကူးပြိုင်ပွဲနှင့် လွှန်းပြန်လေးမျိုးကူးပြိုင်ပွဲ အမျိုးသား၊ အမျိုးသမီးပွဲစဉ်များတွင် ဆုရရှိကြသူများအား တစ်ဦးချင်းဆုတံဆိပ်များ ပေးအပ်ချီးမြှင့်သည်။

ချီးမြှင့်

ဆက်လက်၍ မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးချိုမောင်က ရွှေလေးခုဖြင့် အမျိုးသားအကောင်းဆုံး ရေကူးသမားဆုရ ရာဇာထွန်းထွန်း (ILBC) ကိုလည်းကောင်း၊ မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး၊ လက်ထောက်ညွှန်ကြားရေးမှူး(အား/ကာ)က ရွှေလေးခုဖြင့် အမျိုးသမီး အကောင်းဆုံးရေကူးသမားဆုရ နန်းခင်ဝင်း (ကန်တော်ကြီး)ကိုလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆုကြေး

ယင်းနောက် မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ် အမှုဆောင်ဒေါက်တာမြတ်သူရစိုးက သတ္တမဆုရ မန္တလေးအသင်းအား ဆုကြေးကျပ်နှစ်သောင်းကိုလည်းကောင်း၊ T.T.O Trading Co.,Ltd. မှ ဒါရိုက်တာ ဦးသိန်းလွင်က ဆဋ္ဌမဆုရ ရန်ကုန်(ခ) အသင်းအား ကျပ်သုံးသောင်းကိုလည်းကောင်း၊ မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ် အမှုဆောင်ဒေါက်တာ ဇော်ထွန်းအေးက ပဉ္စမဆုရ ကန်တော်ကြီးအသင်းအား ကျပ်ငါးသောင်းကိုလည်းကောင်း၊ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်အမှုဆောင် ဦးထွန်းထွန်းဦးက စတုတ္ထဆုရ ကုက္ကိုင်းအသင်းအား ဆုကြေးကျပ်တစ်သိန်းကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး လက်ထောက်ညွှန်ကြားရေးမှူး(အား/ကာ) က တတိယဆုရ ရန်ကုန်(က) အသင်းအား ဆုကြေးကျပ်နှစ်သိန်းကိုလည်းကောင်း မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးချိုမောင်က ဒုတိယဆုရ Hard Body အသင်းအား ဆုကြေးကျပ်သုံးသိန်းကိုလည်းကောင်း၊ ပါမောက္ခ ဒေါက်တာတင့်ဆွေလတ် (ခေတ္တပါမောက္ခချုပ်၊ ဆေးတက္ကသိုလ်-၂ ရန်ကုန်)က ပထမဆုရ ILBC အသင်းအား ဆုဖလားနှင့် ကျပ်လေးသိန်းကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့သည်။ **(မြန်မာ့အလင်း)**

အကောင်းဆုံးဆု ချီးမြှင့်

မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး ဦးကျော်ဦး လက်ထောက် ညွှန်ကြားရေးမှူး (အား/ကာ) အမျိုးသမီးအကောင်းဆုံး အားကစားသမားဆုရ နန်းခင်ဝင်းအား ဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လှိုင်သာယာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်းစုံ (အမျိုးသားအလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ဇန်နဝါရီ ၄ရက်က လှိုင်သာယာမြို့နယ် စက်မှုဇုန်(၂) အားကစားကွင်း၌ကျင်းပရာ မြို့နယ်အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်သိန်းမောင် အမှာစကားပြောကြားစဉ်။ (၀၉၇)

ကြံခင်းမြို့နယ်အသင်း(ရန်ကုန်) ပညာရည်ချွန်ဆုချီးမြှင့်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၅

ကြံခင်းမြို့နယ်အသင်း(ရန်ကုန်)၏ ဆဋ္ဌမအကြိမ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို ဇန်နဝါရီ၁၁ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဗဟန်းမြို့နယ် အနောက်ရွှေဂုံတိုင်လမ်း ဗဟန်းအားကစားကွင်းအနီးရှိ M-3 Food Centre (Diamond Hall)၌ ကျင်းပမည်ဖြစ်ရာ ရန်ကုန်မြို့ရောက် ကြံခင်းသူ၊ ကြံခင်းသားများနှင့် အသင်းဝင်များ အားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အစည်းအဝေးသို့ နံနက် ၈နာရီခွဲအရောက် တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။

၂၀၀၈ တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးသုံးဘာသာနှင့်အထက် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် အသင်းဝင်များ၏ သားသမီးများ အမည်စာရင်းကို ဇန်နဝါရီ ၇ရက် နောက်ဆုံးထား၍ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးစန်းလွင် (ငြိမ်း) ဖုန်း-၀၁-၆၃၆၇၈၀၊ အတွင်းရေးမှူး ဦးစိန်ဌေး ဖုန်း-၀၁-၆၆၃၄၈၉၊ ဘဏ္ဍာရေးမှူး ဒေါ်တင်တင်ထွေး ဖုန်း-၀၁-၅၄၁၀၆၅၊ အလုပ်အမှုဆောင် ဒေါ်အေးအေးညွန့် ဖုန်း-၀၁-၆၅၁၂၄၇၊ အလုပ်အမှုဆောင် ဒေါက်တာကျော်စိုးလင်း ဖုန်း-၀၉-၅၁-၉၅၈၃၅ တို့သို့ ဆက်သွယ်အကြောင်းကြားပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

စပါးသီးနှံအလေအလွင့် မရှိစေရေး နှိုးဆော်ချက်

၁။ စပါးအလေအလွင့်မရှိစေရန် မောင်းညီချိန်တွင် ရိတ်သိမ်းပါ။

၂။ ရိတ်သိမ်းပြီး ကောက်လှိုင်းများကို တလင်းပျောက်စနစ်ကျင့်သုံး၍ ချက်ချင်းခြွေလှေ့ပါ။ ဖြစ်နိုင်ပါက စက်ဖြင့် ရိတ်သိမ်းခြွေလှေ့ပါ။

၃။ ခြွေလှေ့ပြီး စပါးများကို နေလှန်း၍ အမိုးအကာအောက် အမြန်ရောက်ရှိအောင် ဆောင်ရွက်ပါ။

၄။ ရိတ်-ခြွေ-သိမ်း လုပ်ငန်းများကို ဆက်တိုက် မဆောင်ရွက်ပါက တစ်ဧကလျှင် အနည်းဆုံးစပါးသုံးတင်း လေလွင့်ဆုံးရှုံးနိုင်သည်။ တစ်နိုင်ငံလုံးရှိ မိုးစပါးစိုက်ဧက ၁၇သန်းမှ စပါးတင်း သန်းပေါင်း ၅၁သန်း လေလွင့်ဆုံးရှုံးနိုင်သည်။ ၎င်းလေလွင့်စပါးပမာဏသည် လူဦးရေ ၃ ဒသမ ၄သန်း တစ်နှစ်စာ စားသုံးနိုင်သည်။ ၎င်းအပြင် ထွက်ရှိလာသောဆန်များ ဆန်အရည်အသွေးညံ့ဖျင်းခြင်း၊ ဆန်အကျိုးအကြေများခြင်းများလည်း ဖြစ်ပေါ်စေပါသည်။

၅။ သို့ပါ၍ ရိတ်-ခြွေ-သိမ်းလုပ်ငန်းစဉ်များအတိုင်း လိုက်နာကြပါရန် ထပ်လောင်းအသိပေး နှိုးဆော်အပ်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

ကမ္ဘာတစ်လွှားအားကစား
ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

မန်စီးတီးရှုံးရခြင်းမှာ မိမိတာဝန်ဟု နည်းပြမာ့ချ်ဟုခ်ဝန်ခံ ပြောကြား

လန်ဒန် ဇန်နဝါရီ ၅

အက်ဖ်အေဖလား တတိယအဆင့် ဘောလုံးပွဲစဉ်အဖြစ် မန်စီးတီးကွင်း၌ နော်တင်ဟမ်ဖောရက်စ်အသင်းကို သုံးဂိုးပြတ်ရှုံးနိမ့်ခဲ့သည့် မန်စီးတီး အသင်း၏ နည်းပြမာ့ချ်ဟုခ်က အဓိက ကစားသမားများ မပါဝင်ခဲ့သဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သော်လည်း မိမိ၌ တာဝန်ရှိကြောင်း ဝန်ခံပြောကြားလိုက်သည်။

ထိုင်းအသင်း အာရှဖလားဆွတ်ခူးနိုင်ရေး ကြိုးစားမည်

ဗန်ကောက် ဇန်နဝါရီ ၅

ထိုင်းဘောလုံးအသင်းသည် အာရှဖလားချန်ပီယံဖြစ်ရေးကို ဦးတည်ကြိုးစားသွားမည်ဖြစ်ကြောင်း ထိုင်းဘောလုံးအသင်းနည်းပြ ပီတာရိတ်က ပြောကြားလိုက်သည်။ သို့သော် အသင်း၌ ကစားသမားအချို့နှင့် နည်းစနစ်ပိုင်းများ ပြောင်းလဲမှု ပြုလုပ်ရမည်ဖြစ်ကြောင်း အင်္ဂလန် နိုင်ငံသားဖြစ်သူ ထိုင်းနည်းပြ ပီတာရိတ်က ထပ်မံပြောကြားသည်။

ဗီရှန် အာဂျင်တီးနားလိဂ်၌ ပြန်ကစားမည်

ဆော်ပေါလို ဇန်နဝါရီ ၅

မန်ယူနှင့် ချယ်လ်ဆီး ကစားသမားဟောင်း ဗီရွန်အား အာဂျင်တီးနားလိဂ်ပြိုင်ပွဲ ပိုမိုအသက်ဝင် လှုပ်ရှားလာစေရန် ပြည်တွင်းကလပ်အသင်းတစ်သင်း၌ ပါဝင်ကစားစေလိုကြောင်း အာဂျင်တီးနားဘောလုံးအဖွဲ့ချုပ်က တိုက်တွန်းလိုက်သည်။ အာဂျင်တီးနားလိဂ်ပြိုင်ပွဲများမှာ ပရိသတ်စိတ်ဝင်စားမှု နည်းသဖြင့် နာမည်ကြီး ဘောလုံးသမားများ ပြန်လည်ပါဝင်ကစားပေးကြရန် တိုက်တွန်းမှုကို ဗီရွန်ကလက်ခံက ပါဝင်ကစားမည် ဖြစ်ကြောင်း ကတိပြုလိုက်သည်။

အမျိုးသမီး ၁၀ ကီလိုမီတာ အပြေးပြိုင်ပွဲ နယ်သာလန်အပြေးမယ် ကီဘတ်ဗိုလ်စွဲ



ဘရပ်ဆဲလ် ဇန်နဝါရီ ၅

ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့တွင် ဇန်နဝါရီ ၃ရက်က ကျင်းပသည့် ကမ္ဘာ့ပြေးခုန်ပစ်အဖွဲ့ချုပ်၏ အမျိုးသမီး ၁၀ ကီလိုမီတာအပြေးပြိုင်ပွဲ၌ နယ်သာလန်အပြေးမယ် ဟီလ်ဒါကီဘတ်က ၂၇မိနစ် ၄၅စက္ကန့်ဖြင့် ဗိုလ်စွဲခဲ့သည်။ ပေါ်တူဂီအပြေးမယ် အော်ဂူစတိုက ၂၇မိနစ် ၅၄စက္ကန့်ဖြင့် ဒုတိယရပြီး ပေါ်တူဂီအပြေးမယ် တစ်ဦးဖြစ်သူ မွန်တီရိုက ၂၈မိနစ် ၂၈စက္ကန့်ဖြင့် တတိယ ရရှိခဲ့သည်။

ယူအေအီး အိုးပင်းတင်းနစ်ပြိုင်ပွဲ အင်ဒီမူရာရေး ဗိုလ်စွဲ



အဘူဒါဘီ ဇန်နဝါရီ ၅

ယူအေအီးနိုင်ငံ အဘူဒါဘီမြို့တွင် ဇန်နဝါရီ ၃ရက်က ကျင်းပသည့် ဖိတ်ခေါ် အိုးပင်းတင်းနစ်ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲ၌ ကမ္ဘာ့နံပါတ်တစ် တင်းနစ်ကစားသမား ရာဖေးလ်နာဒယ်အား အင်ဒီမူရာရေးက ၆-၄၊ ၅-၇၊ ၆-၃ ဖြင့် အနိုင်ရရှိပြီး ဆုဖလား ဆွတ်ခူးသွားသည်။

ဝိန်းဘရစ်(ချ်)အား ပေါင် ၁၀သန်းဖြင့် မန်စီးတီးခေါ်ယူ

လန်ဒန် ဇန်နဝါရီ ၅

ဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်း ချယ်လ်ဆီးနောက်ခံလူ ဝိန်းဘရစ်(ချ်)အား မန်စီးတီးက ပြောင်းရွှေ့ကြေး ပေါင်၁၀သန်းဖြင့် စာချုပ်ချုပ်ဆိုခေါ်ယူလိုက်ပြီဖြစ်ရာ ဇန်နဝါရီ ဘောလုံးသမား အပြောင်းအရွှေ့ကာလ၌ ပထမဆုံးပြောင်းရွှေ့သည့် ဘောလုံးသမားဖြစ်သည်။

နိုင်ငံဖြတ်ကျော်ပြေးပွဲ တီဝယ်လ်ဗိုလ်စွဲ

လန်ဒန် ဇန်နဝါရီ ၅

ဗြိတိန်နိုင်ငံ ဂရင်းမောက်မြို့၌ ဇန်နဝါရီ၄ရက်က ကျင်းပခဲ့သော ကမ္ဘာ့ပြေးခုန်ပစ်ပြိုင်ပွဲ နိုင်ငံဖြတ်ကျော်ပြေးပွဲတွင် အပြေးမယ် စတီဖင်တီဝယ်လ်က ပထမရရှိခဲ့သည်။ အိုင်ယာလန် အပြေးမယ် ဘိုင်ရာနီက ဒုတိယရရှိခဲ့ရာ ဥရောပ ဂျူနီယာ အပြေးချန်ပီယံ စတီဖင်တီဝယ်လ်၏ ၂၀၀၉ခုနှစ် ပထမဆုံး အောင်ပွဲပင်ဖြစ်သည်။

စပါးတိုက်စစ်မှူး ဆန်တိုစ် ချီဗက်စ်အသင်းက ခေါ်ယူမည်

လန်ဒန် ဇန်နဝါရီ ၅

စပါးအသင်းမှ ၁၉ နှစ် အရွယ် တိုက်စစ်မှူး ဂျီရိုဗင်နီ ဒေါ့ဆန်တို့စ်အား မက္ကဆီကိုကလပ်ချီဗက်စ်က ပြောင်းရွှေ့ကြေး ပေါင် ၄ဒသမ ၇သန်းဖြင့် ခေါ်ယူမည်ဖြစ်သည်။ ဒေါ့ဆန်တို့စ်သည် ဘာစီလိုနာအသင်းမှ ပြီးခဲ့သည့်နှစ်က စပါးအသင်းသို့ပြောင်းရွှေ့လာသူ ဖြစ်သော်လည်း ခြေချင်းဝတ်ဒဏ်ရာကြောင့် ပွဲစဉ်အတော်များများနှင့် လွဲချော်နေသူဖြစ်သည်။

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲနှင့် ကာတာနိုင်ငံ

မောင်မောင်မြင့်ဆွေ ရေးသားတင်ပြ၍ ❖ ဉာဏ်ဟိန်းစိုး စာမျက်နှာ ဖွဲ့စည်းသည်

ဒိုဟာ ဇန်နဝါရီ ၅

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွေကို တစ်ကမ္ဘာလုံးမှာရှိတဲ့ တိုက်ကြီးများအလိုက် သက်ဆိုင်ရာ အဆိုပြုတဲ့နိုင်ငံတွေမှာ ကျင်းပလာခဲ့တာဟာကြာခဲ့ပြီမို့ အခုလာမယ့် ၂၀၁၈ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ဒေသအလိုက် ကျင်းပပေးသွားဖို့ စဉ်းစားနေတယ်လို့ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)ဥက္ကဋ္ဌ ဆပ်ဘလတ္တာက ဇန်နဝါရီ ၄ရက်မှာ ထုတ်ဖော် ပြောကြားလိုက်ပါတယ်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဆပ်ဘလတ္တာ။
(အင်တာနက်ဓာတ်ပုံ)

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွေကို အလှည့်ကျစနစ်နဲ့ ကျင်းပလာခဲ့တာဟာ အခုလာမယ့် ၂၀၁၀မှာ အာဖရိကတိုက်ရဲ့ တောင်အာဖရိကနိုင်ငံမှာ ကျင်းပဖို့ ပြင်ဆင်မှုတွေ ပြုလုပ်နေတာ အတော်လေး ခရီးရောက်နေပြီဖြစ်ပါတယ်။ တောင်အာဖရိကနိုင်ငံဟာ စီးပွားရေးအခြေအနေအရ အခက်အခဲရှိပေမယ့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကြီးကို အိမ်ရှင် အဖြစ် အောင်မြင်အောင် ကျင်းပနိုင်ဖို့အတွက် အာဖရိကအခြားနိုင်ငံတွေကလည်း ဝိုင်းဝန်းကူညီပေးခဲ့ကြတာမို့ အခုဆိုရင် အချို့အားကစားအဆောက်အအုံတွေဟာ အပြီးသတ်ပြင်ဆင်မှုအပိုင်းအထိ ရောက်ရှိနေပြီလို့ဆိုပါတယ်။

စဉ်းစားခဲ့

ဒီလိုအခြေအနေတွေကြောင့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဟာ စီးပွားရေးနဲ့ လုံခြုံရေးအခက်အခဲရှိပေမယ့် နိုင်ငံရေးအရောင်အသွေးကင်းတဲ့ ပြိုင်ပွဲဖြစ်တာမို့ ကမ္ဘာတစ်ဝန်းမှာရှိတဲ့ ဒေသအသီးသီးမှာကျင်းပသွားဖို့ ဖီဖာက စဉ်းစားခဲ့ခြင်းဖြစ်ပါတယ်။

ဒီလိုအခြေအနေမှာ အရှေ့အလယ်ပိုင်းဒေသ ကာတာနိုင်ငံက လာမယ့် ၂၀၁၈ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲကို အိမ်ရှင်အဖြစ် တာဝန်ယူကျင်းပခွင့်ပြုဖို့ ဖီဖာကို တရားဝင်လျှောက်ထားလိုက်တာမို့ အခုတော့ဖီဖာဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်တွေအားလုံးက စဉ်းစားမယ်လို့ ဆိုထားပါတယ်။

မျှော်လင့်နေ

ကာတာနိုင်ငံအနေနဲ့ ကမ္ဘာ့ဖလားကို နိုင်ငံတကာအဆင့်မီအောင် ကျင်းပနိုင်တဲ့ စွမ်းအားရှိပါတယ်လို့ ကာတာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဆတ်အယ်မိုဟာမ်နာဒီက ပြောကြားနေပါတယ်။ မိမိတို့အနေနဲ့ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ကျင်းပဖို့ စိတ်အားထက်သန်နေပြီး ကာတာတစ်နိုင်ငံလုံးကလည်း အိမ်ရှင်အဖြစ် ကျင်းပခွင့်ရဖို့ မျှော်လင့်နေကြပါတယ်လို့ မိုဟာမ်နာဒီက ပြောကြားလိုက်ပါတယ်။

တကယ်တော့ ကာတာနိုင်ငံဟာ အရှေ့အလယ်ပိုင်းဒေသမှာ နိုင်ငံငယ်တစ်ခုဖြစ်ပေမယ့် ချမ်းသာကြွယ်ဝတဲ့နိုင်ငံဖြစ်ပြီး နိုင်ငံအတွင်းမှာ နိုင်ငံတကာ အဆင့်မီဘောလုံးကွင်း အလုံအလောက်ရှိနေတယ်လို့ ဆိုပါတယ်။

အပြည့်အဝ

ကာတာနိုင်ငံဟာ သဘာဝဓာတ်ငွေ့အပြင် ရေနံလည်းထွက်ရှိတာမို့ ချမ်းသာကြွယ်ဝတဲ့ နိုင်ငံဖြစ်တာကြောင့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို အဆင့်အတန်းမီမီ ကျင်းပနိုင်မယ်ဆိုတာ ဖီဖာဥက္ကဋ္ဌက အပြည့်အဝယုံကြည်နေပါတယ်။ ဒါ့အပြင် ကာတာနိုင်ငံဟာ နိုင်ငံရေးတည်ငြိမ်ပြီး လုံခြုံမှုလည်းရှိတာကြောင့် လာမယ့် ၂၀၁၈ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲကို အကြောင်းကြောင်းကြောင့် ကျင်းပခွင့်မပေးနိုင်ခဲ့ရင်တောင် ၂၀၂၂ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကျင်းပနိုင်ဖို့ ထိပ်ဆုံးက ဦးစားပေးသွားမယ်လို့ ဖီဖာဥက္ကဋ္ဌ ဆပ်ဘလတ္တာက ပြောကြားလိုက်ပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ ၂၀၁၈ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို အိမ်ရှင်အဖြစ် ရွေးချယ်ဖို့ လာမယ့်၂၀၁၀ပြည့်နှစ် ဒီဇင်ဘာလမှာ ဆုံးဖြတ်ကြေညာတော့မှာဖြစ်ပါတယ်။ ဒါကြောင့် ဖီဖာက ၂၀၁၈ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို အိမ်ရှင်အဖြစ် ကာတာနိုင်ငံကို စဉ်းစားပေးမယ်လို့ မတင်မကျပြောနေပြီး ၂၀၂၂ ကျရင်တော့ သေချာသလောက်နီးပါး ပြောကြားထားခြင်း ဖြစ်ပါတယ်။

ကျင်းပ

တကယ်တော့ ကာတာနိုင်ငံအနေနဲ့ကလည်း ၂၀၁၁ခုနှစ်မှာ အာရှဖလားဘောလုံးပြိုင်ပွဲကို အိမ်ရှင်အဖြစ်လက်ခံကျင်းပဖို့ ရှိနေပါတယ်။ လက်ရှိလည်း ကမ္ဘာ့တင်းနစ်ပြိုင်ပွဲနဲ့ ကမ္ဘာ့အဆင့် ဂေါက်သီးရိုက်ပြိုင်ပွဲတွေကို အောင်မြင်စွာ လက်ခံကျင်းပနေပါတယ်။

ဒါ့အပြင် ၂၀၀၆ခုနှစ် အာရှအားကစားပြိုင်ပွဲကိုလည်း အောင်မြင်စွာ ကျင်းပနိုင်ခဲ့တဲ့ အတွေ့အကြုံရှိထားတဲ့အပြင် ၂၀၁၆ခုနှစ် အိုလံပစ်အားကစားပွဲတော်ကိုလည်း ကာတာနိုင်ငံ ဒိုဟာမြို့တော်မှာ အိမ်ရှင်အဖြစ် ကျင်းပသွားဖို့လည်း ရှိနေပါတယ်။

စောင့်ကြည့်

ကာတာနိုင်ငံအနေနဲ့ ၂၀၁၈ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို အိမ်ရှင်အဖြစ် တစ်နိုင်ငံတည်း ကျင်းပခွင့်မပေးရင်တောင် အင်္ဂလန်၊ နယ်သာလန်၊ ဩစတြေးလျ၊ စပိန်၊ ပေါ်တူဂီနိုင်ငံတို့နဲ့ ပူးတွဲကျင်းပခွင့်ရအောင်လည်း တင်ပြတောင်းဆိုထားပါတယ်။ ဒါပေမယ့် တရုတ်၊ မက္ကဆီကို၊ ဘယ်လ်ဂျီယံနဲ့ ရုရှားနိုင်ငံတွေကလည်း အိမ်ရှင်အဖြစ် အပြိုင်တောင်းဆိုတင်ပြထားတာမို့ ကာတာနိုင်ငံရဲ့ အိမ်ရှင်အဖြစ် ကျင်းပဖို့ တင်ပြတောင်းဆိုထားမှု အကောင်အထည် ပေါ်မပေါ်ဆိုတာတော့ စောင့်ကြည့်ရမှာ ဖြစ်ပါကြောင်း။ ။

ကိုးကား-အင်တာနက်

ဒဗလျူဘီအိုချန်ပီယံလုပွဲ နိုလီနှင့်ဘင့်စ်ထိုးသတ်မည်

အဘူဒါဘီ ဇန်နဝါရီ ၅

ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ်(ဒဗလျူဘီအို)၏ ခရူဇာဝိတ်တန်းချန်ပီယံလုပွဲအဖြစ် လာမည့် ဖေဖော်ဝါရီတွင် ဂျိုနသန်ဘင့်စ်နှင့် ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ကြောင်း လက်ရှိ ချန်ပီယံ အင်ဇိုမာကာရီနိုလီ(ဝဲပုံ)က ထုတ်ဖော်ပြောကြားသည်။

ဒဏ်ရာရရှိ

အသက် ၂၈နှစ်အရွယ်ရှိ မာကာရီနိုလီသည် ပြီးခဲ့သည့် ဒီဇင်ဘာလက လန်ဒန်၌ ဂျိုနသန်ဘင့်စ်နှင့် ထိုးသတ်ရန် စီစဉ်ထားသော်လည်း ခြေချင်းဝတ် ဒဏ်ရာရရှိခဲ့မှုကြောင့် လက်ဝှေ့ပွဲရွှေ့ဆိုင်းခဲ့ရခြင်းဖြစ်သည်။

အလဲထိုး

မာကာရီနိုလီသည် ယခုအချိန်အထိ လက်ဝှေ့ပွဲပေါင်း ၂၉ပွဲ ထိုးသတ်ခဲ့ပြီး ၂၇ပွဲ အနိုင်ရကာ နှစ်ပွဲရှုံးထားသည့် မှတ်တမ်းရှိသည်။ ၂၂ပွဲမှာ အလဲထိုးအနိုင်ရခဲ့သည့် ပွဲများဖြစ်သည်။ စိန်ခေါ်သူ ဂျိုနသန်ဘင့်စ်မှာ အသက် ၂၆နှစ်ရှိပြီး လက်ဝှေ့ပွဲပေါင်း၂၀ ထိုးသတ်ခဲ့ပြီး ပွဲအားလုံးအနိုင်ရရှိကာ ရှုံးပွဲမရှိသူဖြစ်သည်။ ၁၄ပွဲမှာ အလဲထိုးအနိုင်ရရှိခဲ့သည်။

(အင်တာနက်)

ဥရောပပြေးခုန်ပစ်ပြိုင်ပွဲ ၁၀ကီလိုမီတာအပြေးပြိုင်ပွဲ၌ လီဘတ်စ်ဗိုလ်စွဲ

ဘရပ်ဆဲလ် ဇန်နဝါရီ ၅

ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့တွင် ကျင်းပခဲ့သည့် ဥရောပပြေးခုန်ပစ်ပြိုင်ပွဲ ၁၀ကီလိုမီတာအပြေးပြိုင်ပွဲ၌ ယူကရိန်းအပြေးသမား ဆာဟေလီဘတ်စ်က ၃၀မိနစ် ၄၉ စက္ကန့်ဖြင့် ပထမရရှိခဲ့သည်။ **(ယာပုံ)**

တတိယရရှိ

ဗြိတိသျှအပြေးသမား မိုဘာရက်က ၃၀မိနစ် ၅၇စက္ကန့်ဖြင့် ဒုတိယရရှိခဲ့ပြီး ဆွီဒင်အပြေးသမား မူစတာဖာမိုဟာမက်က ၃၁မိနစ် ၁၃စက္ကန့်ဖြင့် တတိယရရှိခဲ့သည်။

စံချိန်

ယူကရိန်းအပြေးသမား ဆာဟေလီဘတ်စ်က လာမည့်ဥရောပပြေးခုန်ပစ်ပြိုင်ပွဲ၌ မိနစ် ၃၀အောက် စံချိန်ရအောင် ကြိုးစားသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။

(အင်တာနက်)



ချစ် စိုး နိုင် စု စည်း တင် ပြ သည်

ရခိုင်ပြည်နယ်ဥက္ကဋ္ဌဖလား
(၂၅)နှစ်အောက် မြို့နယ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

ကျောက်ဖြူ ဇန်နဝါရီ ၁

၂၀၀၈ခုနှစ် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ရခိုင်ပြည်နယ် တောင်ပိုင်း အသက် ၂၅နှစ်အောက် မြို့နယ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဒီဇင်ဘာ ၈ရက် နံနက် ၇နာရီက ကျောက်ဖြူမြို့ မြို့မအားကစားကွင်း၌ ကျင်းပရာ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် ကျောက်ဖြူမြို့နယ်အသင်းက သံတွဲမြို့နယ်အသင်းကို လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲအခမ်းအနား ဆက်လက်ကျင်းပရာ အကောင်းဆုံးဂိုးကစားသမားဆုကို ကျောက်ဖြူမြို့နယ်အသင်းမှ ဂိုးသမားမောင်အောင်ပြည့်ဖြိုးကလည်းကောင်း၊ နောက်တန်းအကောင်းဆုံးဆုကို သံတွဲမြို့နယ်အသင်းမှ နိုင်ဝင်းဇော်ကလည်းကောင်း၊ အလယ်တန်း အကောင်းဆုံးဆုကို ကျောက်ဖြူမြို့နယ်အသင်းမှ ကိုကိုဖြိုးကလည်းကောင်း၊ ရှေ့တန်းအကောင်းဆုံးဆုကို သံတွဲမြို့နယ်အသင်းမှ စည်သူသန်းစိုးကလည်းကောင်း၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆုကို ကျောက်ဖြူမြို့နယ်အသင်းမှ ရဲကိုကိုလွင်က လည်းကောင်းရရှိကြရာ ဆုများကို တာဝန်ရှိသူများက ဆုချီးမြှင့်ကြသည်။

ထို့နောက် ဒုတိယဆုရ သံတွဲမြို့နယ်အသင်းအား ကျောက်ဖြူခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးတင်သိန်းက ဆုချီးမြှင့်ပြီး ဗိုလ်စွဲသည့် ကျောက်ဖြူမြို့နယ် ဘောလုံးအသင်းအား ကျောက်ဖြူခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ခရိုင်ရဲတပ်ဖွဲ့မှူး ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ရဲမှူးသန်းစိုးက ဆုဖလားနှင့်ငွေသားဆုတို့ကို ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။**(ယာပုံ)** **(ခရိုင် ပြန်/ဆက်)**

မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကျောက်ဖျာ-အထူးဆိပ် ကျေးရွာပတ်လမ်း မြေသားလမ်း ဖောက်လုပ်နေမှုကို နိုဝင်ဘာ ၂၁ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ရွှေ ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးညွှန့်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဟန်နိုင်ထွန်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရတနာသိုက်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်
မဂ္ဂဇင်းနှင့်ဂျာနယ်စာအုပ်များ ပေးအပ်လှူဒါန်း

မိုင်းဖြတ် ဇန်နဝါရီ ၃

မိုင်းဖြတ်မြို့နယ် တာလကျေးရွာ ရတနာသိုက်စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၆ရက် နံနက် ၉နာရီက အဆိုပါစာကြည့်တိုက် အဆောက်အအုံရှေ့၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းထွန်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုင်းဆမ်တစ်နှင့် ရွာလူကြီးဆရာမာတေးအိုတို့က စာကြည့်တိုက် အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(ဝဲပုံ)**

ရှင်းလင်းဆွေးနွေး

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းထွန်းက အမှာစကားပြောကြားပြီး ခရိုင်ဦးစီးအရာရှိ ဦးစိုင်းဆမ်တစ်က စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေးအကြောင်း ရှင်းလင်းဆွေးနွေးသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ စာအုပ်လှူဒါန်းပွဲ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးသိန်းထွန်းက မဂ္ဂဇင်းစာအုပ် ၂၀၊ ဒေါ်မိုးနီနီလွင်က မဂ္ဂဇင်းစာအုပ် ၅၀၊ ဒေါ်အေးအေးဝင်းက မဂ္ဂဇင်းစာအုပ် ၂၆ အုပ်၊ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာအောင်သူမျိုးက ဒို့ကျေးရွာဂျာနယ်တစ်နှစ်စာနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးသန်းဇော်ဦးက မဂ္ဂဇင်းနှင့်ဂျာနယ်အုပ် ၅၀တို့ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူသည်။ **(ခရိုင် ပြန်/ဆက်)**

လွတ်လပ်ရေးနေ့ ကလေးပြိုင်
ဆုပေးအပ်ချီးမြှင့်ပွဲကျင်းပ

မန္တလေး ဇန်နဝါရီ ၂

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ကလေးပြိုင်ပွဲကို ဒီဇင်ဘာ ၂၄ရက်က မန္တလေး အောင်မြေသာစံမြို့နယ် ၂၃ လမ်းနှင့် ၈၄ လမ်းထောင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ ကျင်းပရာ မန္တလေးခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းရွှေ တက်ရောက် အားပေးကြည့်ရှုပြီး ဆုရရှိသူများအား ဆုများချီးမြှင့်သည်။

အမှာစကားပြောကြား

ရှေးဦးစွာ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဝင်းရွှေ၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နန်းမာလာဆွေတို့က အမှာစကားပြောကြားပြီး မြို့နယ် ကျန်းမာရေး ဦးစီး ဌာနမှူး ဒေါက်တာ ဒေါ်မြမြမိုးက သုံးမြွှာပူး၊ အမြွှာပူးကလေးတစ်ဦးချင်း ပြိုင်ပွဲဝင်စည်းကမ်းချက်များကို ရှင်းပြသည်။

ထို့နောက် ကလေးငယ်များကို အုပ်စုသုံးစုခွဲ၍ အရပ်တိုင်း၊ အလေးချိန်ခြင်း၊ ကျန်းမာရေးစစ်ဆေးခြင်း၊ ကလေးငယ်၏ အနေအထားဆန်းစစ်ခြင်းများကို ဆောင်ရွက်ကြပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ (ဝ၉ဝ)

ဆောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ် ပေါက်တော-သလယ်မြေသား လမ်းသစ်ဖောက်လုပ်ခြင်းကို နိုဝင်ဘာ ၂၅ရက်က အမှုဆောင်အရာရှိ ဦးဟန်မြင့် ကြည့်ရှုစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးကျော်လင်းနိုင်က ရှင်းလင်းပြသစဉ်။ (မြို့နယ်စည်ပင်)

အမျိုးသားကာကွယ်ဆေးတိုက်နေ့များ
အသိပေးရှင်းလင်းပွဲ ရွှေဘိုတွင်ကျင်းပ

ရွှေဘို ဇန်နဝါရီ ၂

၂၀၀၉ခုနှစ် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ အသိပညာပေးရှင်းလင်းပွဲကို ဒီဇင်ဘာ ၂၆ရက်နံနက် ၁၀နာရီက ရွှေဘိုပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားသို့ ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဇနီး ဒေါ်ခင်နု၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ပြီး ခရိုင် ဆရာဝန်ကြီး ဒေါ်ဝေဝေဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးမှူး ဦးကျော်ငွေက ပိုလီယိုရောဂါအကြောင်း ရှင်းလင်းပြောကြားသည်။

(ခရိုင် ပြန်/ဆက်)

စာကြည့်တိုက်ဖွင့်ပွဲနှင့် အလှူငွေပေးအပ်ပွဲ
ပင်လောင်းမြို့နယ်၌ ကျင်းပ

ပင်လောင်း ဇန်နဝါရီ ၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် မြောက်ထီဗွာကျေးရွာအုပ်စု ဝါးခြာနှင့် ရိုင်းပူး၊ ဝါးပြုံး၊ လဲလောင်းပေနှင့်သိန်းလာပြားကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲနှင့် ငွေပဒေသာပင်၊ စာအုပ်များလှူဒါန်းပွဲကို ဒီဇင်ဘာ ၂၂ရက် နံနက် ၁၀နာရီက ဝါးခြာကျေးရွာ အမက မူလွန်ကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဒုတိယရဲမှူး အုန်းရွှေက အဖွင့်အမှာစကား ပြောကြား၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ရွှေရွှေမြင့်က စာကြည့်တိုက် ဖွင့်လှစ်ရခြင်း အကျိုးကျေးဇူးနှင့် ရေရှည်ရှင်သန် ဖွံ့ဖြိုးရေး လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးသည်။

ပေးအပ်လှူဒါန်း

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဒုတိယရဲမှူး အုန်းရွှေက စာကြည့်တိုက်ငွေပဒေသာပင် ကျပ် ၂၅၀၀၀၊ မြို့နယ် ဦးစီးမှူး ဒေါ်ရွှေရွှေမြင့်က ၄င်းရွာငါးရွာအတွက် သုတ၊ ရသ စာအုပ်မျိုးစုံ ၅၀စီကိုလည်းကောင်း၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်နီနီဝင်းက အမျိုးသမီးရေးရာ ဂျာနယ်အစောင် ၅၀ကို လည်းကောင်း၊ မြောက်ထီဗွာကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးမောင်ဆိုင်က စာအုပ်မျိုးစုံ အုပ်၂၅၀ကို လည်းကောင်း၊ ၄င်းအုပ်စု ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ စာရေးစာကြည့်တိုက်မှူး ဦးဇရော မင်းက ငွေပဒေသာပင်ကျပ် ၁၀၀၀၀ကို လည်းကောင်း ပေးအပ်လှူဒါန်းသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ ဝါးခြာကျေးရွာ ဘဝ ဗိမာန်စာကြည့်တိုက်ကို မြို့နယ်ဥက္ကဋ္ဌ ဒုတိယရဲမှူး အုန်းရွှေ၊ ကျေးရွာဥက္ကဋ္ဌ ဦးပန်းလုနှင့် မြို့နယ်ဦးစီးမှူး ဒေါ်ရွှေရွှေမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

(မြို့နယ် ပြန်/ဆက်)

ကတ္တရာခင်း

သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသော ကြံ့ခိုင်ရေးရပ်ကွက် စကားဝါလမ်း ကတ္တရာခင်းခြင်းကို အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်နှင့် တာဝန်ခံ အင်ဂျင်နီယာတို့ ကွင်းဆင်းစစ်ဆေးစဉ်။(မြို့နယ်စည်ပင်)

အမှတ်(၁)အခြေခံပညာဦးစီးဌာန ကရင်ပြည်နယ်ပညာရေးမှူးရုံးက ကြီးမှူးကျင်းပသည့် အခြေခံပညာအဆင့် အင်္ဂလိပ်စာနှင့်သင်္ချာဘာသာ စွမ်းရည်ပြိုင်ပွဲကို ဒီဇင်ဘာ ၆ရက်က ဘားအံမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မြသံလွင်ခန်းမ၌ ကျင်းပရာ ကျောင်းသား ကျောင်းသူ ၂၇ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ကြစဉ်။ (ခရိုင် ပြန်/ဆက်)

ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး စည်းဝေး တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့် တက်ရောက် အမှာစကားပြောကြား

တောင်ကြီး ဇန်နဝါရီ ၅

ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၂/၂၀၀၈)ကို ဒီဇင်ဘာ ၈ရက် နံနက် ၈နာရီက ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ပြည်နယ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူးကြီးရုံး စုစည်းခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့်က အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်အင်ဂျင်နီယာမှူးကြီး ဦးမြင့်အောင်က ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ *စာမျက်နှာ ၆ ကော်လံ ၁* ❐

သစ်ခွနက် အပွင့်နှင့် ရိုးတံကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

မြန်မာ့အလင်း အာကာသသိပ္ပံ



အင်္ဂါဂြိုဟ်မျက်နှာပြင်၌ ချောက်ကမ်းပါးတွေ့ရှိ

နာဆာမှ လွှတ်တင်ထားသော အင်္ဂါဂြိုဟ်လေ့လာရေးယာဉ်၌ တပ်ဆင်ထားသောကင်မရာမှ ရိုက်ကူးပေးပို့သော ဓာတ်ပုံအရ အင်္ဂါဂြိုဟ်ပေါ်တွင် ချောက်ကမ်းပါးတစ်ခုရှိကြောင်း တွေ့ရှိရသည်ဟု နာဆာသုတေသနပညာရှင်များက ပြောကြားသည်။

မြင်တွေ့ရ

ချောက်ကမ်းပါးတည်ရှိသည့်နေရာမှာ အင်္ဂါဂြိုဟ်မျက်နှာပြင်၏ မြောက်ဘက်စွန်းတွင်ဖြစ်ပြီး မတ်စောက်သောသွင်ပြင် ဖြစ်ပေါ်နေကြောင်း၊ ချောက်ကမ်းပါးတစ်လျှောက်၌ နီညိုရောင်မျက်နှာပြင်ကို မြင်တွေ့ရကြောင်း သိရသည်။

အဆိုပါချောက်ကမ်းပါးတွင် မကြာမီကာလက အင်္ဂါဂြိုဟ်မျက်နှာပြင် ပြိုကျမှုဖြစ်ပေါ်ခဲ့ကြောင်း၊ အကြောင်းမှာ ချောက်ကမ်းပါး၏ မျက်နှာပြင်အနေအထားတွင် ရောင်စဉ်အချို့ ထွက်ရှိနေသည်ကို မြင်တွေ့ရသည်ဟုဆို၏။

ယူဆ

ချောက်ကမ်းပါး၏ အချို့နေရာများတွင် အမှုန်များလွင့်မျောနေသည်ကို တွေ့ရှိရသဖြင့် ဤချောက်ကမ်းပါးသည် မကြာခဏ အင်္ဂါဂြိုဟ်မျက်နှာပြင် ပြိုကျမှုဖြစ်ပေါ်တတ်သည်ဟု ယူဆရကြောင်း နာဆာသုတေသနပညာရှင်များက ပြောကြားသည်။

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

ဆံပင်ဖြောင့်ခြင်း၊ ဆံပင်ဆန့်ခြင်းများပြုလုပ်လျှင် ထိပ်ပြောင်ခြင်း၊ ဆံပင်ကွက်ခြင်းတို့ ဖြစ်ပေါ်နိုင်

အမျိုးသမီးများအနေဖြင့် ဆံပင်အလှအပ ပြုပြင်ရာတွင် ဆံပင်ဖြောင့်ခြင်း၊ ဆံပင်ကောက်ခြင်းနှင့် ဆံပင်ကို စက်ကိရိယာဖြင့် ဆွဲဆန့်ခြင်းတို့ ပြုလုပ်ခြင်းသည် ထိပ်ပြောင်ခြင်းနှင့်ဆံပင်ကွက်ခြင်းတို့ ဖြစ်ပေါ်စေကြောင်း ဗြိတိသျှသုတေသနပညာရှင်များက ဆေးသိပ္ပံဂျာနယ်၌ ဖော်ပြထားသည်။

ထိခိုက်

ထို့အပြင် ဆံပင်ပုံစံအမျိုးမျိုးပြုလုပ်ရာတွင် အသုံးပြုသည့် ဆေးများ၊ ကော်ရည်များကြောင့် ဆံပင်သန်စွမ်းမှုကို ထိခိုက်စေပြီး ဆံပင်ကျွတ်ခြင်းများ ဖြစ်ပေါ်စေကြောင်း ဆက်လက်ဖော်ပြထားသည်။ *စာမျက်နှာ ၅ ကော်လံ ၃* ■

ညနေပိုင်း ထမင်း/ဟင်းချက်ချိန် မီးသတိပေး နှိုးဆော်ချက်

(က) ကလေးသူငယ်နှင့် သက်ကြီးရွယ်အိုများ ထမင်း/ဟင်းချက်ပြုတ်ခြင်းမပြုရန်၊
(ခ) မီးဖိုသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်၊
(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ မပေါ့ဆ အထူးသတိပြုသုံးစွဲရန်။

မီးသတ်ဦးစီးဌာန

ပူတာအိုခရိုင် နှိုင်ငွန်းတောင်ပေါ်မှ ကမ္ဘာ့အရှားပါးဆုံး သစ်ခွနက်

သတင်းအက်ဆေး မောင်မောင်မြင့်ဆွေ | ဓာတ်ပုံ - အင်တာနက် | စာမျက်နှာဖွဲ့စည်းမှု - တိုးလွင်

ရန်ကုန် ဇန်နဝါရီ ၅

နှင်းများဖုံးလွှမ်းနေသော နှိုင်ငွန်းတောင်....။ အမြင့်ပေ ၆၁၅၀ ရှိပြီး တစ်နှစ်တာပတ်လုံး လူသူအရောက်အပေါက် နည်းသည်ဖြစ်ရာ တောင်တက်ခရီးတစ်လျှောက် လူသူအရိပ်အရောင်မမြင်ရ။ တစ်ခါတစ်ရံ အပူချိန်ရေခဲမှတ်အောက် ရောက်ရှိနေသဖြင့် ရာသီဥတုက ဆိုးရွားလှသည်။ ကချင်ပြည်နယ် ပူတာအိုခရိုင်အတွင်းရှိ တောင်များအနက် စိတ်ဝင်စားစရာ အကောင်းဆုံး တောင်တစ်တောင်ပင်ဖြစ်သည်။

တောနက်

နှိုင်ငွန်းတောင်သည် မြန်မာနိုင်ငံတွင်သာမက အရှေ့တောင်အာရှဒေသ၌ပါ အမြင့်ဆုံးတောင်ဖြစ်သည့် *စာမျက်နှာ ၁၁ ကော်လံ ၁* ●

နေလှန်းဆားလုပ်ငန်း လပွတ္တာတွင် အဓိကလုပ်ကိုင် လုပ်ကွက်အလိုက် လုပ်ငန်းခွင် ဝင်ရောက်နေကြပြီ

နေလှန်းဆားလုပ်ကွက် ပထမဆင့်တွင် ထွန်စက်ကြီးများဖြင့် မြေသားထယ်မွှေ မြေညှိနေသည်ကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၅

ဧရာဝတီတိုင်း နေလှန်းဆားလုပ်ငန်း၏ အဓိကနယ်မြေဖြစ်သော လပွတ္တာခရိုင်သည် တိုင်းတစ်တိုင်းလုံး၏ ဆားအများဆုံးထုတ်လုပ်ရာ ဒေသဖြစ်သည့်အလျောက် ဆားထုတ်လုပ်မှုလုပ်ငန်းခွင်ကို ပြည်သူများထံ အသိပေးတင်ပြနိုင်ရန်အတွက် သတင်းအဖွဲ့သည် မြောင်းမြမြို့မှတစ်ဆင့် မော်တော်ကားဖြင့် လပွတ္တာမြို့သို့ ခရီးဆန့်ခဲ့သည်။

ဆေးရောင်စုံပန်းချီကား

မြောင်းမြ-လပွတ္တာကားလမ်းခရီးမှာ အနီးကလေး ခရီးမဝေးပါ။ လေးနာရီခရီးမျှသာဖြစ်သည်။ မြောင်းမြ၏ စိမ်းညို့သော တောင်ရိုးတောင်စွယ်များအတိုင်း တောင်ကိုပတ်၍ ကားလမ်းကိုဖောက်လုပ်ထားရာ လမ်းခရီးတစ်လျှောက် သစ်ပင်၊ ဝါးပင်တို့၏ ပသာဒရှုခင်းရှုကွက် အလှအပတို့မှာ ဆေးရောင်စုံပန်းချီကားတစ်ချပ်နှယ်....။ သာယာတင့်မောဖွယ်ကောင်းလှသည်။ တစ်ခါတစ်ခါ လေယူရာ သင်းတပျံ့ပျံ့မွှေးသည့် တောပန်းတောင်ပန်းများ၏ မွှေးရနံ့ သင်းပျံ့ပျံ့ကိုလည်း ရှူရှိုက်မိကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ *

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံမှတ်တမ်း
မော်ကျွန်း မြင့်အောင်(ပြန်/ဆက်)
စာမျက်နှာဖွဲ့စည်းမှု - ဘိုဘိုမင်း(မြန်မာ့အလင်း)